မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်၊ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာ ၁၈ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၀)၊ အမှတ် (၃၄၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်နှင့် ပြည်သူအတွက် ရေရှည်အကျိုးရှိမည့် လျှပ်စစ်စီမံကိန်းများကို မူဝါဒနှင့် အဆုံးအဖြတ်များ ချမှတ်၍ ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိ

စီမံကိန်းများပြီးစီးပါက ပြည်သူများ ဓာတ်အားပိုမိုတိုးတက်သုံးစွဲနိုင်မည်

နေပြည်တော် စက်တင်ဘာ ၁၇

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန "ဧရာဝတီမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများကြောင့် ဧရာဝတီမြစ်နှင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဆိုင်ရာ" ခေါင်းစဉ်ပါ ပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ(၃/၂၀၁၁)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရဲရွှာခန်းမ၌ ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စာတမ်းရှင်များနှင့် ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းက အဖွင့်အမှာစကားပြောကြားရာတွင် ပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (၃/၂၀၁၁) ကျင်းပရသည့် ရည်ရွယ်ချက်နှင့် အလုပ်ရုံဆွေးနွေးပွဲသို့ တင်သွင်းသော စာတမ်း (၆)စောင်နှင့် စပ်လျဉ်းသည့် ခေါင်းစဉ်များကို မိတ်ဆက်ပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲသို့ တင်သွင်းသော ယင်းစာတမ်းများအပေါ် အကြံပြုချက်နှင့် ဆွေးနွေးချက်များကို ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။

ဖတ်ကြားဆွေးနွေး

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ Biodiversity and Nature Conservation Association (BANCA) ဥက္ကဋ္ဌ ဒေါက်တာထင်လှက "သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှု" စာတမ်း၊ CPI ဥက္ကဋ္ဌ Mr. Li Guanghua က "Ayeyawady Basin Hydropower Projects are Strategic Selection for Myanmar Electric Power Industry" စာတမ်း၊ ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြီးစိုးက "စီးပွားရေးဆိုင်ရာ တွက်ခြေကိုက်မှုစိစစ်ချက်" စာတမ်း၊ ကောင်းကျော်စေကုမ္ပဏီ ဥက္ကဋ္ဌ ဦးထွန်းနိုင်အောင်က "How CDM Projects Enhance in Developing Myanmar" စာတမ်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ *စာမျက်နှာ ၈ ကော်လံ ၁* ❍

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း "ဧရာဝတီမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများကြောင့် ဧရာဝတီမြစ်နှင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဆိုင်ရာ" ခေါင်းစဉ်ပါ ပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (၃/၂၀၁၁)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တိုင်းရင်းသား IT လုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများအား Online Application နှင့် Network Infrastructure တည်ဆောက်ရေးကဏ္ဍများ၌ ရင်းနှီးမြှုပ်နှံကြရန်ဖိတ်ခေါ်

နေပြည်တော် စက်တင်ဘာ ၁၇

တစ်နိုင်ငံလုံး၏ လူမှုစီးပွားဘဝ လျင်မြန်စွာ တိုးတက်ပြောင်းလဲရန် သတင်းအချက်အလက်များ အလွယ်တကူ ရယူနိုင်မှုစွမ်းအားပေါ်မူတည်ပြီး ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်စေမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍကို အခြားနိုင်ငံများနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်လာရန် မြန်မာနိုင်ငံကွန်ပျူတာဖွံ့ဖြိုးရေးကောင်စီသည် အစိုးရအဖွဲ့အစည်းများ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း၊ မြန်မာနိုင်ငံကွန်ပျူတာဝါသနာရှင်အသင်း စသည့် အသင်းလေးသင်းစလုံးနှင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ ဦးဆောင်မှု၊ ကွန်ပျူတာအသင်းများ၏ စနစ်တကျ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ကွန်ပျူတာနှင့် နည်းပညာကုမ္ပဏီများသည် ရာနှင့်ချီ၍ တိုးတက်ပြီး ကွန်ပျူတာပညာရှင်နှင့် ကျွမ်းကျင်လုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လာခဲ့ကြောင်းဖြင့် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ Myanmar Info-Tech ၌ ကျင်းပသည့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ ၂၀၁၁ ခုနှစ် နှစ်ပတ်လည်အခမ်းအနား၌ မြန်မာနိုင်ငံကွန်ပျူတာဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ယာပုံ)**

တွန်းအားဖြစ်စေ

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသား IT လုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် Online Application များ၊

Network Infrastructure တည်ဆောက်ရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံကြရန်အတွက် ဖိတ်ခေါ်လိုကြောင်း၊ ပုဂ္ဂလိကကဏ္ဍ၏ နည်းပညာနှင့် အရင်းအနှီး ပူးပေါင်းပါဝင်ခြင်းဖြင့် Telecom ကဏ္ဍကဲ့သို့ ICT ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိုပါ တွန်းအားဖြစ်စေမည် ဖြစ်ကြောင်းဖြင့်လည်း ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ ဦးသိန်းဦးက မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၏ လုပ်ငန်းတာဝန်များနှင့် ဆောင်ရွက်ချက်များ၊ ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် Information Technology Professional Examination Council (ITPEC) တို့ ကြီးမှူးကျင်းပသော ITPEC Exam များဖြစ်သည့် Fundamental IT Engineer Examination (FE)နှင့် Information Technology Passport Examination (IP) အောင်မြင်သူများအား ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းတို့က အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၈ ရက်)

စုပေါင်းကာကွယ် ယာဉ်အန္တရာယ်

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့စသည့် မြို့ကြီးပြကြီးများတွင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ မော်တော်ယာဉ်သုံးစွဲမှု ပိုမိုများပြားလာပြီး ကျေးလက်နေပြည်သူများပါ မော်တော်ဆိုင်ကယ်များ အသုံးပြုနေကြခြင်းကြောင့် ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆဖြစ်ပွားမှုများ မြင့်တက်လာသည်ကို တွေ့ရသည်။

ယခုအခါ နိုင်ငံတစ်ဝန်း ဆက်သွယ်သွားလာလျက်ရှိသည့်လမ်းများ ကျယ်ပြန့်ကောင်းမွန်မှုကြောင့် မော်တော်ယာဉ်အချို့ မိုင်နှုန်းမြင့် မောင်းနှင်လာကြသည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်လာကြသည်။ မဆင်မခြင် မောင်းနှင်လာသည်။ ထိုအခါ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများ ဖြစ်ပွားလာသည်။ သေကျေ၊ ထိခိုက် ဒဏ်ရာရမှုများ ကြုံတွေ့လာရတော့သည်။

ယာဉ်မတော်တဆဖြစ်ပွားရသော အကြောင်းအရင်းကို ဆန်းစစ်ကြည့်လျှင် ယာဉ်မောင်းသူများ၏ပေါ့ဆမှု၊ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ စည်းကမ်းမလိုက်နာမှုတို့ကြောင့် ဖြစ်ပွားတတ်သကဲ့သို့ လမ်းကြောင့်၊ ရာသီဥတုကြောင့်နှင့် ယာဉ်ကြောင့် ဖြစ်ပွားရခြင်းလည်းရှိသည်။ သို့သော် အများဆုံး ဖြစ်ပွားရခြင်းမှာ လူကြောင့်ဖြစ်ကြောင်း သိရသည်။

ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် သက်ဆိုင်ရာက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရေး သတင်းစာ၊ ဂျာနယ်၊ ရုပ်မြင်သံကြားတို့မှ ပညာပေးနေသည့်အပြင် အသိပညာပေးဟောပြောပွဲ၊ ပြပွဲများ ပြုလုပ်လျက်ရှိသော်လည်း ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆမှုများ မြင့်တက်လာသည်ကို တွေ့ရသည်။

ယာဉ်တိမ်းမှောက်မှုနှင့် ယာဉ်တိုက်မှုများသည် အဓိကအားဖြင့် ယာဉ်မောင်းများ၏ ပေါ့ဆမှုကြောင့် ဖြစ်ပွားရခြင်းဖြစ်သည်။ အများအားဖြင့် မူးယစ်သောက်စား မောင်းနှင်ခြင်း၊ ယာဉ်တစ်စီးနှင့်တစ်စီး အပြိုင်အဆိုင် ယာဉ်ကြောလုမောင်းနှင်ခြင်း၊ မိုင်နှုန်းမြင့် မောင်းနှင်ခြင်းနှင့် မဆင်မခြင်မောင်းနှင်နေမှုများကြောင့် ဖြစ်သည်။

သို့ဖြစ်ပေရာ ယာဉ်မောင်းသူများသည် သတ်မှတ်ယာဉ်စည်းကမ်းများနှင့်အညီ တိတိကျကျ လိုက်နာမောင်းနှင်ကြရန်နှင့် ခရီးသွားပြည်သူများကလည်း လမ်းစည်းကမ်းများကို သတိပြုဆင်ခြင် လိုက်နာခြင်းဖြင့် ယာဉ်အန္တရာယ်ကို စုပေါင်းကာကွယ်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ သာသနာ့နုဂ္ဂဟအသင်း ဆိုင်းဘုတ်တင်

ရန်ကုန် စက်တင်ဘာ ၁၇

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၅၁) ရပ်ကွက် သာသနာ့နုဂ္ဂဟအသင်း၏ အသင်းဆိုင်းဘုတ်တင်မင်္ဂလာအခမ်းအနားကို စက်တင်ဘာ ၁၀ ရက် နံနက် ၉ နာရီက ပြည်တော်အေးမွှာရုံ၌ကျင်းပရာ အသင်းဆိုင်းဘုတ်ကို မြို့နယ်သာသနာ့နုဂ္ဂဟ အသင်းဥက္ကဋ္ဌ ဦးမောင်မောင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇောတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အသင်းဝင်အဆိုပြုလွှာများကို ရပ်ကွက်သာသနာ့နုဂ္ဂဟ အသင်းဥက္ကဋ္ဌက ပေးအပ်ရာ မြို့နယ်သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးအောင်ချမ်းက လက်ခံယူပြီးနောက် အသင်းအတွက် မတည်အလှူငွေများကို ရပ်ကွက်သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးမောင်မောင်က လက်ခံယူကြောင်း သိရှိရသည်။ **(သာသနာ့နုဂ္ဂဟအသင်း)**

စက်တင်ဘာ ၈ ရက်က ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပရာ တိုင်းဒေသကြီးအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူ အထက (၄) တာမွေမှ မသုသုရွှေရည်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ဆင့် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

စာအုပ် စာပေ လူ့မိတ်ဆွေ

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် အထက်တန်းကျောင်း(ခွဲ) တိုးမြှင့်ဖွင့်လှစ်ပွဲများ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၇

မုံရွာမြို့နယ် ညောင်ဖြူပင်ကျေးရွာ ပညာ့ဗိမာန်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက မုံရွာမြို့နယ် ညောင်ဖြူပင်ကျေးရွာ အထက်တန်းကျောင်း(ခွဲ)၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက နှစ်ထပ်ကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တက်ရောက်အားပေး

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မုံရွာမြို့နယ် ကျောက္ကာကျေးရွာ တွဲဖက်အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းကျောင်း(ခွဲ)အဆင့်တိုးမြှင့်ပွဲနှင့် ယွန်းဇေယျာ နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ စက်တင်ဘာ ၄ ရက် ည ၁၁ နာရီက ဂန့်ဂေါမြို့နယ် ကျွန်းဒတ်ကျေးရွာအနီး ရွှေပွင့်ဖြူကုမ္ပဏီပိုင် ခြောက်ဘီးယာဉ် (၃ခ/ ၇၆၅၅) နှင့် (၄ခ/၉၅၆၈) ယာဉ်နှစ်စီးပေါ်မှ နံ့သာနီချောင်း ၇၉၇ ချောင်း ၁၂၈၄၇ ပိဿာ၊ ခန့်မှန်းကာလတန်ဖိုးငွေကျပ် ၉၅၄၂၉၀၀၀၀ ကို ယာဉ်နှစ်စီး၊ လူလေးဦးနှင့်အတူ ဖမ်းဆီးရမိခြင်း၊ စက်တင်ဘာ ၁၄ ရက် ညနေ ၆ နာရီခွဲက တမူးခရိုင် တမူးမြို့နယ် ပိုင်လင်းကျေးရွာအနီးရှိ တောအုပ်အတွင်း ဝှက်ထားသော နံ့သာနီ(၁၀)တန်ကျော်ခန့် သိမ်းဆည်းရမိခဲ့ခြင်းတို့အတွက် ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြောပွဲ ပန်းဘဲတန်းမြို့နယ်၌ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၇

ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ်အတွင်းရှိ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အသိပညာပေးဟောပြောပွဲ၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် နံရံကပ်စာစောင်များပြသခြင်း အခမ်းအနားကို စက်တင်ဘာ ၁၅ရက် မွန်းတည့် ၁၂နာရီက ပန်းဘဲတန်းမြို့နယ် အထက (၁)ကေရီခန်းမ၌ ကျင်းပသည်။

ဖြန့်ဝေပေး

ရှေးဦးစွာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးယဉ်မိုးက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး သိကောင်းစရာများကို ဟောပြောပြီးနောက် လက်ကမ်းစာစောင်များဖြန့်ဝေပေးသည်။ ထို့နောက် တက်ရောက်လာသူများက ပြသထားသော နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာကြသည်။

အလားတူ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အသိပညာပေး မြေစိုက်ပိုစတာများကို ဗိုလ်ချုပ်အောင်ဆန်းဈေးရှေ့နှင့် မဟာဗန္ဓုလလမ်းနှင့် (၃၁)လမ်းထောင့်တို့တွင် စိုက်ထူခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းမည်

ရန်ကုန် စက်တင်ဘာ ၁၇

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)၏ စုပေါင်းလှူဒါန်းပွဲကို ကြံခင်းမြို့ရှိ သာသနာ့ဗိမာန်၌ အောက်တိုဘာ ၁၀ ရက် (တနင်္လာနေ့) နံနက် ၉ နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ ကြံခင်းမြို့သို့ လိုက်ပါလိုသောအသင်းသား အသင်းသူများနှင့် အလှူငွေထည့်ဝင်လှူဒါန်းလိုသူများသည် အောက်တိုဘာ ၅ ရက်နောက်ဆုံးထား၍ ဒေါက်တာသိန်းဆွေ ဖုန်း-၀၁-၅၅၆၉၇၁ နှင့် ဒေါ်တင်တင်ထွေး ဖုန်း-၀၁-၅၄၁၀၆၅ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ရန်ကုန်မြို့မှ အောက်တိုဘာ ၉ ရက် (တနင်္ဂနွေနေ့)ည ၇ နာရီတွင် ပြည်လမ်း ၁၀မိုင် ကောင်းစံ(ဆန်/ဆီ)ရောင်းဝယ်ရေးဆိုင်ရှေ့မှ စင်းလုံးငှားမော်တော်ယာဉ်ဖြင့် ထွက်ခွာမည်ဖြစ်ရာ ကြံခင်း (အသွား/အပြန်) ခရီးစဉ်အတွက် အသင်းဝင်တစ်ဦးလျှင် အလှူငွေကျပ် ၆၀၀၀ ထည့်ဝင်၍ လိုက်ပါနိုင်ရန် စီစဉ်ထားကြောင်း သိရှိရသည်။ ***(မြန်မာ့အလင်း)***

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ သုံးခွမြို့နယ်၌ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၇

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားကို ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ စက်တင်ဘာ ၈ ရက် နံနက် ၁၀ နာရီက ကျင်းပရာ အထက(၁)ကျောင်းသား ကျောင်းသူများက ပြည်မြန်မာသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးပြီးနောက် **(အောက်ပုံ)** မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်သောင်းက အမှာစကားပြောကြားသည်။ ထို့နောက် အထက(၁) ကျောင်းအုပ်ဆရာကြီး ဦးတင်ထူးက စာမတတ်သူပပျောက်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် နံရံကပ်စာစောင်ပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြပြီး အလက(မြို့မ) ကျောင်းသား ကျောင်းသူများက ပညာဖြိုးဝေတို့မြန်ပြည် သီချင်းဖြင့် သီဆိုကာ အထက(၂) ကျောင်းသား ကျောင်းသူများ အဖွဲ့သုံးဖွဲ့အား သုံးခွမြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် သုံးခွမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မညိုက ဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြဝတီရုပ်မြင်သံကြား

၁၈-၉-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၄။ တရားတော်
- ၇:၁၅ ၅။ ခမ္မပူဇာတေး
- ၇:၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၇။ မြန်မာ့ရှုခင်း
- ၇:၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၃။ ဇာတ်လမ်းတို

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၁၁:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၁၁:၀၅ ၄။ အဖွင့်သီချင်း
- ၁၁:၁၀ ၅။ မျိုးချစ်တပ်မတော်
- ၁၁:၂၀ ၆။ ကာတွန်းအစီအစဉ် **ဟင်နရီရဲ့အိပ်မက်** (အပိုင်း-၁၄)
- ၁၁:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၁:၅၀ ၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဇနီးချစ်ရဲ့နည်းအသစ်**
- ၁၂:၄၀ ၉။ ကျန်းမာသုတ
- ၁၂:၅၅ ၁၀။ မြန်မာသံစဉ်ချိုနားဝင်
- ၁၃:၀၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်သောနှလုံးသား** (အပိုင်း-၁၇)

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၁ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၀၂ ၃။ နိုင်ငံတော်သီချင်း
- ၄:၀၃ ၄။ အဖွင့်သီချင်း
- ၄:၁၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၁၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၂၀ ၇။ လျှပ်တစ်ပြက်
- ၄:၃၀ ၈။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၄:၄၅ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅:၀၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၃၀ ၁၁။ ဒီဇိုင်နာတို့ရဲ့ ဒီဇိုင်း
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၄။ ဘဝကြေးမုံ **ပုံပြောကောင်းတဲ့ယောက္ခမ** (အပိုင်း-၂) (ဇာတ်သိမ်း) ကောင်းဆက်ထူး၊ ကြည်နူးနိုင်နှင့် သရုပ်ဆောင်များ
- ၆:၅၀ ၁၅။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်ခွန်းဖွဲ့သီချစ်သူဆီ** (အပိုင်း-၂)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ ယနေ့ရန်ကုန်မြင်ကွင်းစုံ
- ၂၂။ ပဟေဠိနန်းတော်
- ၂၃။ ကျန်းမာသုတ
- ၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထာဝရချစ်သူ** (အပိုင်း -၅၁)
- ၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း -၈၃)

ရန်ပုံငွေသုံးစွဲရာတွင် ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းနှင့်အညီ စနစ်တကျသုံးစွဲ ကတ္တရာ၊ စက်သုံးဆီ၊ ဘိလပ်မြေ၊ သံချောင်းများကို စာရင်းဇယားများ စနစ်တကျထားရှိ

နေပြည်တော် စက်တင်ဘာ ၁၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အင်ဂျင်နီယာမှူးကြီးများ၊ အထူးစီမံကိန်းကြီးအဖွဲ့များမှ အင်ဂျင်နီယာမှူးကြီးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်လွင်နှင့် ဦးစိုးတင့်၊ အထူးအရာရှိ သူရဦးစိန်သောင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အင်ဂျင်နီယာမှူးကြီးများ၊ အထူးစီမံကိန်းကြီး အဖွဲ့(၅)မှ အင်ဂျင်နီယာမှူးကြီးများ၊ အထူးစီမံကိန်းကြီး အဖွဲ့ခွဲ(၅)ဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီးများ၊ အဆောက်အအုံ အထူးအဖွဲ့(၈)ဖွဲ့၊ လေယာဉ်ကွင်းအထူးအဖွဲ့(၈)ဖွဲ့၊ လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၆)ဖွဲ့၊ တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁၆)ဖွဲ့တို့မှ ဒုတိယအင်ဂျင်နီယာမှူးကြီးများ တက်ရောက်ကြသည်။

မှာကြား

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အထူးစီမံကိန်းကြီးအဖွဲ့များမှ အင်ဂျင်နီယာမှူးကြီးများအနေဖြင့် ရန်ပုံငွေသုံးစွဲရာတွင် ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းနှင့်အညီ စနစ်တကျသုံးစွဲရန်၊ ကတ္တရာ၊ စက်သုံးဆီ၊ ဘိလပ်မြေ၊ သံချောင်းများကို စာရင်းဇယားများ စနစ်တကျထားရှိ အသုံးပြုရန်၊ မိုးကြီးပြီး လမ်း၊ တံတားများ ပျက်စီးမှုရှိသော်လည်း လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေး အမြဲမပြတ် ကြီးကြပ်ကွပ်ကဲ၍ ပြင်ဆင်ထိန်းသိမ်းမှုအပိုင်းကို အမြန်ဆုံးဆောင်ရွက်ရန်တို့ကို မှာကြားသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်လွင်နှင့် ဦးစိုးတင့်တို့က လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ စနစ်တကျဆောင်ရွက်သွားရန်တို့ကို မှာကြားကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ် အင်ဂျင်နီယာမှူးကြီးတို့က မိမိနယ်မြေအတွင်း လမ်း၊ တံတားလုပ်ငန်းများဆောင်ရွက်နေမှု၊ B.O.T စနစ်ဖြင့် ဆောင်ရွက်နေသည့် လမ်း၊ တံတားများ အခြေအနေ၊ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လမ်း၊ တံတားများ ပျက်စီးမှုနှင့် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အင်ဂျင်နီယာမှူးကြီးများ၊ အထူးစီမံကိန်းကြီးအဖွဲ့များမှ အင်ဂျင်နီယာမှူးကြီးများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါကာကွယ်တားဆီးရေးလုပ်ငန်း ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၇

ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဦးလှမြင့်သည် ယနေ့နံနက် ၇ နာရီခွဲတွင် စမ်းချောင်းမြို့နယ် ကျွန်းတောတောင်ရပ်ကွက်ရှိ ညောင်တုန်းလမ်း၌ ပြည်သူများစုပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများဖြစ်သည့် ခြင်ဆေးငွေ့မှုတ်ခြင်း၊ ခြင်ထောင်စိမ်ဆေးဖြင့် ဆေးစိမ်ခြင်း၊ ရေစည် ရေကန်များအတွင်း Abate ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် စနစ် ပညာပေးသရုပ်ပြသခြင်းနှင့် အသိပညာပေး ဟောပြောနေမှုတို့ကို ကြည့်ရှုစစ်ဆေးအားပေးသည်။

တစ်ပြိုင်တည်းပြုလုပ်

အလားတူ သွေးလွန်တုပ်ကွေး ကာကွယ်တားဆီးရေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် ကမာရွတ်၊ သင်္ဃန်းကျွန်း၊ ပန်းဘဲတန်း၊ လှိုင်၊ ဗိုလ်တထောင်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တို့၌ တစ်ပြိုင်တည်းပြုလုပ်ကြသည်။

ထို့နောက် ဗိုလ်တထောင်မြို့နယ် မဟာဗန္ဓုလလမ်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဗဟိုပစ္စည်းထိန်းဌာနသို့ရောက်ရှိပြီး သိုလှောင်ရုံများအတွင်း လုပ်ငန်းသုံးပစ္စည်းများ စနစ်တကျ ထိန်းသိမ်းထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် မြို့တော်ဝန်သည် မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းနှင့် မြန်မာ့ဂုဏ်ရည်လမ်းဖြတ် မြေအောက်ရေနုတ်မြောင်းရေစီးရေလာကောင်းမွန်စေရေးအတွက်လမ်းသားမြှင့်တင်ရန် ဆောင်ရွက်နေမှုနှင့် မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်းရပ်ကွက်ရှိ ဒေါနလမ်း၌ ဂျီးဖြူ ရေပိုက်လိုင်းဖြတ်သံကူကွန်ကရစ်တံတားသစ်တည်ဆောက်ရန် ဆောင်ရွက်နေမှုတို့ကိုသွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်းရပ်ကွက် ဒေါနလမ်း ဂျီးဖြူရေပိုက်လိုင်းဖြတ် တံတားတည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့တော်စည်ပင်)

(၁၅)ကြိမ်မြောက် ဆေးပညာအထူးပြုဘာသာရပ်များဆိုင်ရာ နှီးနှောဖလှယ်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၇

(၁၅)ကြိမ်မြောက် ဆေးပညာအထူးပြုဘာသာရပ်များဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ၂၀၁၁ခုနှစ် အောက်တိုဘာ ၆ ရက်မှ ၉ ရက်အထိ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာဘာသာရပ်များဆိုင်ရာအဖွဲ့များမှတစ်ဆင့် မှတ်ပုံတင်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာနှင့် ရုံးလုပ်ငန်းအခြေခံသင်တန်းဆင်း

နေပြည်တော် စက်တင်ဘာ ၁၇

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာနှင့် ရုံးလုပ်ငန်းအခြေခံသင်တန်းအမှတ်စဉ် (၂၇)သင်တန်းဆင်းပွဲအခမ်းအနားကို စက်တင်ဘာ ၁၆ ရက် နံနက် ၉နာရီတွင် မန္တလေးမြို့ရှိ တိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား) ကုန်သွယ်လုပ်ငန်းခွန်ဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးစံငြိမ်း တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းတွင် ဆုရရှိကြသူများအား ဆုများချီးမြှင့်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၄၀တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပါတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ် ၂၀၁၁ အထိမ်းအမှတ် မြန်မာ့သစ်တောသီတင်းပတ် အလွှတ်တန်း ဆောင်းပါး၊ စာစီစာကုံး၊ ဓာတ်ပုံနှင့် ကာတွန်းပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်စာမူများနှင့် ဓာတ်ပုံ၊ ကာတွန်းများ ဖိတ်ခေါ်

နေပြည်တော် စက်တင်ဘာ ၁၇

သစ်တောဦးစီးဌာနသည် အောက်တိုဘာ ၁၃ ရက်မှ ၁၄ ရက်အထိ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာသစ်တောများနှစ် ၂၀၁၁ အထိမ်းအမှတ် မြန်မာ့သစ်တောသီတင်းပတ် အလွှတ်တန်း ဆောင်းပါး၊ စာစီစာကုံး၊ ဓာတ်ပုံနှင့် ကာတွန်းပြိုင်ပွဲကို "သစ်တောကဏ္ဍ ဖွံ့ဖြိုးမှု သာယာလှပ လူ့ဘောင်ဘဝ (Forests for People)" ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်သည်။

၂၀၁၁ ခုနှစ်ကို ကုလသမဂ္ဂက အပြည်ပြည်ဆိုင်ရာသစ်တောများနှစ်အဖြစ် သတ်မှတ်ထားသည်။ သစ်တောများ၏ လူသားများအပါအဝင် သက်ရှိလောကကို အကျိုးပြုနေမှုများ၊ သဘာဝပတ်ဝန်းကျင်တည်တံ့ကောင်းမွန်ရေးနှင့် ကမ္ဘာ့ရာသီဥတု တည်ငြိမ်ရေးအတွက် အရေးပါမှုများ၊ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပတ်ဝန်းကျင်ယိုယွင်းမှုမရှိသော စီးပွားရေးလုပ်ငန်းများတွင် အရေးပါသော အခန်းကဏ္ဍ၌ တည်ရှိနေမှုများအပါအဝင် သစ်တောများ၏ သဘာဝအလျောက် ဝန်ဆောင်မှုပေးနေသည့် အကြောင်းအရာများနှင့် အကျိုးပြုမှုများ၊ သစ်တောပြုန်းတီးမှုဖြစ်ရခြင်းများ၊ သစ်တောပြုန်းတီးမှုကြောင့် ဆုံးရှုံးမှုတန်ဖိုးများနှင့် နောက်ဆက်တွဲဖြစ်ပေါ်လာသည့် အကျိုးဆက်များ၊ လက်ရှိနှင့် အနာဂတ်မျိုးဆက်များအတွက် သစ်တောအမျိုးအစားအားလုံးကို ရေရှည်တည်တံ့စေမည့်စီမံခန့်ခွဲမှု၊ ထိန်းသိမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများရရှိစေရေးအတွက် ဆောင်ရွက်နေသည့်/ ဆောင်ရွက်ရန်လိုအပ်သည့် ဆောင်ရွက်ချက်များ၊ မိမိတို့ရေးသားလိုသည့် အခြားအချက်အလက်များ၊ သာဓကများပါဝင်သော ဆောင်းပါး၊ စာစီစာကုံး၊ ဓာတ်ပုံနှင့် ကာတွန်းများကို ရေးသား၊ ရိုက်ကူး၊ ရေးဆွဲ၍ပေးပို့ယှဉ်ပြိုင်ကြရန် ဖိတ်ခေါ်ထားသည်။

ဆောင်းပါးများကို A4ဆိုဒ်စာမျက်နှာအနည်းဆုံး ၁၀မျက်နှာမှ အများဆုံး ၁၅မျက်နှာအထိ လည်းကောင်း၊ စာစီစာကုံးများကို A4ဆိုဒ် စာမျက်နှာ အနည်းဆုံး ၅မျက်နှာမှ အများဆုံး ၇မျက်နှာအထိလည်းကောင်း၊ ကွန်ပျူတာစာလုံး Myanmar Unicode (Myanmar 3)၊ကွန်ပျူတာစာလုံးဆိုဒ်၁၈(Font Size 18)၊ စာကြောင်းအကွာအဝေး ၁ဒသမ ၅ (Line Spacing 1.5) ဖြင့်စာစီ၍ ရေးသားပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများပေးပို့ရာတွင် စာမူ (Hard Copy)တစ်စုံနှင့် CD ဖြင့် (Soft Copy)တစ်စုံ၊ ပြိုင်ပွဲဝင်သူ၏ အမည်၊ မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ ပါဝင်ရမည်။

ဓာတ်ပုံပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်တစ်ဦးလျှင် (၁၀×၁၄)လက်မအရွယ် ဆေးရောင်စုံ (Colour) (သို့) အဖြူအမည်း (Mono Chrome) ဓာတ်ပုံလေးပုံအထိ မည်သည့်ကင်မရာ အမျိုးအစားနှင့်မဆို ရိုက်ကူးယှဉ်ပြိုင်နိုင်သည်။ သို့ရာတွင် ဒစ်ဂျစ်တယ်စနစ်ဖြင့် ပြုပြင်ထားခြင်းမပြုရ။ နဂ္ဂတစ်(သို့)ဆလိုက်(သို့)ဒစ်ဂျစ်တယ်ပုံ ဖြစ်ပါက EXIF Data အပြည့်အစုံပါသော Original Raw File (သို့) 300 dpi Resolution ရှိ (၁၀×၁၄) လက်မအရွယ် Tiff File CD-R ဖြင့် ထည့်သွင်း၍ ပေးပို့ရန်နှင့် မိမိကိုယ်တိုင် ရိုက်ကူးထားသောပုံဖြစ်ရမည်။ (**မှတ်ချက်။** ပြိုင်ပွဲဝင်ဓာတ်ပုံများ၏ နောက်ကျောတွင် ဓာတ်ပုံပိုင်ရှင်၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ မိမိကိုယ်တိုင်ရိုက်ကူးပြီး ဆုမရရှိဖူးသေးကြောင်း ဝန်ခံချက်ကို ဓာတ်ပုံတစ်ပုံချင်း၏ နောက်ကျောတွင် ရေးသားလက်မှတ်ရေးထိုး၍ ပတ်စ်ပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းတို့ ပူးတွဲပါရှိရမည်။)

ကာတွန်းပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်တစ်ဦးလျှင် A3 ဆိုဒ်အရွယ် ကာတွန်းလေးပုံအထိ နှစ်သက်ရာဆေးကိုသုံးပြီး နှစ်သက်ရာနည်းဖြင့် ရေးဆွဲပေးပို့နိုင်သည်။ (**မှတ်ချက်။** ပြိုင်ပွဲဝင်ကာတွန်းများ၏ နောက်ကျောတွင် ကာတွန်းပိုင်ရှင်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ မိမိကိုယ်တိုင်ရေးဆွဲပြီး ဆုမရရှိဖူးသေးကြောင်း ဝန်ခံချက်ကို ကာတွန်းတစ်ပုံချင်း၏ နောက်ကျောတွင် ရေးသားလက်မှတ်ရေးထိုး၍ ပတ်စ်ပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းတို့ ပူးတွဲပါရှိရမည်။)

ပြိုင်ပွဲဝင် စာမူများ၊ ဓာတ်ပုံများနှင့် ကာတွန်းများကို လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ညွှန်ကြားရေးမှူး၊ လေ့ကျင့်ရေးနှင့် သုတေသနဖွံ့ဖြိုးရေးဌာန၊ သစ်တောဦးစီးရုံးချုပ်၊ နေပြည်တော် ရုံးအမှတ်-၃၉ ဖုန်း-၀၆၇-၄၀၅၁၁၂၊ ၀၆၇-၄၀၅၃၉၅ သို့ စက်တင်ဘာ ၃၀ ရက် (သောကြာနေ့) နောက်ဆုံးထား၍ ပေးပို့ရန်ဖြစ်သည်။

ပြန်လည်ပေးပို့မည်မဟုတ်

ပြိုင်ပွဲဝင်စာမူများ၊ ဓာတ်ပုံများနှင့် ကာတွန်းများကို ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုများအဖြစ် ရွေးချယ်မည်ဖြစ်ပြီး ရွေးချယ်ခံရသောစာမူနှင့် လက်ရာများကို အောက်တိုဘာ ၆ ရက် (ကြာသပတေးနေ့)တွင် ကြေညာမည်ဖြစ်ကာ ရွေးချယ်ခြင်းမခံရသော စာမူများ၊ လက်ရာများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

ဆုရရှိသူများကို နေပြည်တော်၌ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ် ၂၀၁၁ အထိမ်းအမှတ် မြန်မာ့သစ်တောသီတင်းပတ်အခမ်းအနားတွင် ထိုက်တန်စွာ ဆုချီးမြှင့်မည်ဖြစ်ကြောင်း သစ်တောဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်းများ

နိုင်ငံတကာအာကာသယာဉ်စခန်းမှ အာကာသယာဉ်မှူးသုံးဦး ပြန်လည်ဆင်းသက်

အယ်လ်မာတီ စက်တင်ဘာ ၁၇

နိုင်ငံတကာအာကာသယာဉ်စခန်းမှ အာကာသယာဉ်မှူး သုံးဦးသည် ရုရှားလုပ် ဆိုယုဇ်အာကာသယာဉ်ဖြင့် ကမ္ဘာမြေပြင်သို့ စက်တင်ဘာ ၁၆ရက်က ပြန်လည်ဆင်းသက်လာခဲ့ကြောင်း နာဆာအဖွဲ့မှသတင်းထုတ်ပြန်သည်။

ဆင်းသက်နိုင်

အဆိုပါအာကာသယာဉ်မှူးသုံးဦးမှာ အမေရိကန်အာကာသယာဉ်မှူးတစ်ဦး၊ ရုရှားအာကာသယာဉ်မှူးနှစ်ဦးတို့ဖြစ်ပြီး ကာဇက်စတန်ရှိ အာကာသယာဉ်လွှတ်တင်ရေးစခန်းမြေပြင်သို့ ဘေးကင်းစွာ ဆင်းသက်နိုင်ခဲ့ခြင်း ဖြစ်သည်။ (ဝဲပုံ)

၄င်းအာကာသယာဉ်မှူး သုံးဦးအား ဆိုယုဇ် တီအမ်အေ-၂၁ အာကာသယာဉ်က ပြန်လည်တင်ဆောင်လာခြင်းဖြစ်ကြောင်း နာဆာမှထုတ်ပြန်သော သတင်း၌ဖော်ပြထားသည်။ **(အင်တာနက်)**

နေအိမ်များ၌ ကလေးမွေးဖွားခြင်းထက် ဆေးရုံများတွင် မွေးဖွားခြင်းက သေပျောက်မှုနည်းပါး

ပေကျင်း စက်တင်ဘာ ၁၇

တရုတ်နိုင်ငံတွင် နေအိမ်များ၌ ကလေးမွေးဖွားခြင်းထက် ဆေးရုံများတွင် ကလေးမွေးဖွားခြင်းက သေပျောက်မှုနည်းပါးပြီး သေပျောက်မှုနှုန်း ထက်ဝက်လျှော့ချနိုင်ကြောင်း လေ့လာတွေ့ရှိချက်တစ်ရပ်ကို လင်းဆက်ဆေးဂျာနယ်က စက်တင်ဘာ ၁၇ ရက်တွင် ဖော်ပြထားသည်။

လေ့လာတွေ့ရှိ

ပေကျင်းနှင့် လန်ဒန်မြို့မှ သုတေသနပညာရှင်များသည် နေအိမ်များ၌ ကလေးမွေးဖွားခြင်းထက် ဆေးရုံများပေါ်တွင် ကလေးမွေးဖွားခြင်းက နှစ်ဆမှသုံးဆအထိ လျော့နည်းကြောင်း၊ နေအိမ်များ၌ မွေးဖွားသောကလေးများမှာ မွေးဖွားပြီး တစ်လမပြည့်မီ သေဆုံးမှုများပြားသည်ကို တွေ့ရကြောင်း လေ့လာတွေ့ရှိထားသည်။ **(ယာပုံ)**

တင်ပြခဲ့

အဆိုပါလေ့လာချက်စာတမ်းသည် သုတေသနပညာရှင်များက ၁၉၉၆ ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်း ကလေးမွေးဖွားမှု ၁ ဒသမ ၅ သန်းကို လေ့လာသုံးသပ် တင်ပြခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံ ကျေးလက်ဒေသများ၌ အရပ်လက်သည်များနှင့် ကလေးမွေးဖွားရာတွင် ကလေးချက်ကြိုးဖြတ်ရာ၌ ကျွမ်းကျင်မှုနည်းပါးသဖြင့် ကလေးများ တစ်လမပြည့်မီ သေဆုံးရခြင်းဖြစ်ကြောင်း အဆိုပါပညာရှင်များက လေ့လာတွေ့ရှိထားသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၁၇-၉-၂၀၁၁

တင်မောင်လွင် – စုစည်းသည်

တူရကီ၌ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

တူရကီလုံခြုံရေးတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၆ ရက်က တူရကီနိုင်ငံ၏ အရှေ့တောင်ပိုင်းနှင့် အလယ်ပိုင်းဒေသတို့၌ ဆေးခြောက် ၃၁၅ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း တူရကီအမ်နာတိုနီးရာ သတင်းဌာနက ထုတ်ပြန်ခဲ့သည်။ အဆိုပါလုံခြုံရေးတပ်ဖွဲ့ဝင်များသည် နိုင်ငံတောင်ပိုင်းရှိ ဒိုင်ယာနာဘာကီပြည်နယ်တွင် သတိပေးချက်များဆောင်ရွက်ခဲ့ပြီးနောက် မီနာမြို့ရှိ အိမ်တစ်အိမ်အတွင်းမှ ဆေးခြောက် ၁၀၅ ကီလိုကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံအလယ်ပိုင်းရှိ အာကာဆာရေးပြည်နယ်၌ ကုန်တင်ကားတစ်စီးပေါ်မှ ဆေးခြောက် ကီလို ၂၁၀ အား ဖမ်းဆီးရမိခဲ့သည်။ (အင်တာနက်)

ရုရှားနှင့် မြောက်ကိုရီးယား ဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်း

ရုရှားနိုင်ငံရှိ ကြီးမားသောစွမ်းအင်ကုမ္ပဏီတစ်ခုက စက်တင်ဘာ ၁၅ရက်တွင် မြောက်ကိုရီးယားနိုင်ငံသို့ ဓာတ်ငွေ့များ ပို့ဆောင်သွယ်တန်းနိုင်ရန် ရည်ရွယ်၍ သဘောတူစာချုပ်မူကြမ်းတစ်ခုတွင် လက်မှတ်ရေးထိုးခဲ့ကြကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။ ရုရှားရှိ ဂတ်မွန်စွမ်းအင်ကုမ္ပဏီဥက္ကဋ္ဌ အဲလက်စ်မီလာနှင့် မြောက်ကိုရီးယားစွမ်းအင်ဝန်ကြီး ကင်ဟူယန်းတို့သည် ဓာတ်ငွေ့ပိုက်လိုင်းနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ပြီးနောက် အနာဂတ်စီမံကိန်းအောင်မြင်ရေးအတွက် အကျိုးတူ ပူးတွဲလုပ်ဆောင်သွားရန် သဘောတူညီခဲ့ကြသည်။ ယင်းပိုက်လိုင်းသည် ရုရှားနိုင်ငံမှ မြောက်ကိုရီးယားသို့သွယ်တန်းတည်ဆောက်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံလုံးအတွက် စီးပွားရေးနှင့် နိုင်ငံရေးအကျိုးရလဒ်များရရှိလာနိုင်မည်ဟု မျှော်လင့်ထားကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

အင်ဂိုလာနိုင်ငံ၌ စစ်ဘက်လေယာဉ်ပျက်ကျ၊ ၁၇ ဦး သေဆုံး

အင်ဂိုလာနိုင်ငံ ဟမ်ဘိုမြို့လယ်၌ စက်တင်ဘာ ၁၅ ရက်က အင်ဂိုလာ လေတပ်မှ လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ ၁၇ ဦးသေဆုံးပြီး ခြောက်ဦးမှာ အသက်ရှင်ကျန်ရစ်လျက်ရှိကြောင်း စက်တင်ဘာ ၁၅ ရက်၌ အင်ဂိုလာအစိုးရက တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။ အင်ဘရာယာ 120 အမည်ရှိ အဆိုပါ လေယာဉ်သည် စက်တင်ဘာ ၁၄ ရက် နံနက် ၁၁ နာရီခွဲက လွန်ဒါမြို့ အနောက်မြောက်ဘက် ဟမ်ဘိုလေကြောင်းလိုင်းမှ အမြင့်သို့ပျံတက်ပြီး မကြာမီ ပျက်ကျခဲ့ခြင်းဖြစ်သည်။
(အင်တာနက်)

တရုတ်၌ အိမ်တစ်အိမ်အတွင်း ပေါက်ကွဲမှုတစ်ခုဖြစ်ပွား

တရုတ်နိုင်ငံ ရှန်ဇီပြည်နယ်ရှိ ကျေးလက်ဒေသတစ်ခုတွင် စက်တင်ဘာ ၁၅ရက်က အိမ်တစ်လုံး၌ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် သုံးဦးသေဆုံးခဲ့ကြောင်း ဒေသအာဏာပိုင်များက စက်တင်ဘာ ၁၇ရက်တွင်ပြောကြားသည်။

အဆိုပါ ပေါက်ကွဲမှုသည် စက်တင်ဘာ ၁၅ရက် ညနေ ၆နာရီခွဲဝန်းကျင်က ဖီနန်မြို့ နန်ယန်ကျေးရွာ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ အိမ်သုံးလုံးမှာ အပိုင်းပိုင်းပျက်စီးသွားပြီး သေဆုံးသူ သုံးဦးရှိသည်ဟု သံသယရှိကြောင်း၊ ပေါက်ကွဲမှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ဒေသတွင်းရှိ လုံခြုံရေးတပ်ဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း **နောက်ဆုံးရ နိုင်ငံတကာသတင်း**

မိုးမြင့်လင်းလက် – ရေးသားသည်

ဆိုမာလီနိုင်ငံနှင့် ကင်ညာနယ်စပ်အနီး အမေရိကန်မောင်းသူမဲ့လေယာဉ်များတိုက်ခိုက်

မိုဂါဒစ်ရှူး စက်တင်ဘာ ၁၇

ကင်ညာနိုင်ငံနှင့်ဆိုမာလီနိုင်ငံနယ်စပ်အနီး အမေရိကန်မောင်းသူမဲ့ လေယာဉ်များက ဒုံးကျည်ဖြင့် သုံးချက်ပစ်ခတ်တိုက်ခတ်ခဲ့ကြောင်း ပရက်စ်တီဗွီက ကြေညာသည်။ **(အပေါ်ပုံ)**

ထွက်ပြေး

ကစ်မာယုဆိပ်ကမ်းမြို့ကို အမေရိကန်မောင်းသူမဲ့လေယာဉ်များ တိုက်ခိုက်မှုကြောင့် အဖီနာဒိုမြို့နှင့် ဘိုဘာလီမြို့နေပြည်သူအများအပြား ထိုခရိုင်မှ ထွက်ပြေးကြသည်ဟုဆိုသည်။

စက်တင်ဘာ ၁၅ ရက်က ဆိုမာလီနိုင်ငံအတွင်း အမေရိကန်မောင်းသူမဲ့လေယာဉ်များ တိုက်ခိုက်မှုကြောင့် အမျိုးသမီးများနှင့် ကလေးငယ်ကိုးဦး သေဆုံးပြီး ၃၀ ကျော် ဒဏ်ရာရရှိသွားသည်။

တိုက်ခိုက်

အမေရိကန်မောင်းသူမဲ့လေယာဉ်များသည် ကစ်မာယုဆိပ်ကမ်းမြို့ ဆင်ခြေဖုံးဒေသများသို့ တိုက်ခိုက်ခဲ့သည်။ ကစ်မာယုမြို့သည် မိုဂါဒစ်ရှူးမြို့တော် တောင်ဘက် ၅၂၈ ကီလိုမီတာ အကွာတွင် တည်ရှိသောမြို့ဖြစ်သည်။ **(အင်တာနက်)**

ယူကရိန်းလေယာဉ် ပြေးလမ်းချော် လေယာဉ်မှူးနှင့် ခရီးသည်တစ်ဦး ဒဏ်ရာရ

ကိယက်ဗ် စက်တင်ဘာ ၁၇

ယူကရိန်းနိုင်ငံမြောက်ပိုင်း ချာနီဂေါ့ဗ်မြို့တော် လေဆိပ်တွင် လေယာဉ်ငယ်တစ်စင်းပြေးလမ်းပေါ်မှ လမ်းချော်မှုကြောင့် စက်တင်ဘာ ၁၆ ရက်က ထိခိုက်ဒဏ်ရာရမှုများ ဖြစ်ပွားခဲ့ကြောင်း ယူကရိန်းနိုင်ငံ အရေးပေါ်အခြေအနေ ဝန်ကြီးဌာနက ကြေညာသည်။ **(ယာပုံ)**

ဒဏ်ရာရရှိ

စက်တင်ဘာ ၁၆ ရက် ဒေသစံတော်ချိန် ည ၁၂ နာရီ၌ လေယာဉ်မှူးက လေယာဉ်ကို မထိန်းနိုင်ဘဲ ပြေးလမ်းပေါ်မှ လမ်းချော်တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

လေယာဉ်ပေါ်လိုက်ပါသူ ခရီးသည်တစ်ဦးနှင့် လေယာဉ်မှူးတို့ ဒဏ်ရာရရှိပြီး မြေပြင်မှမည်သူတစ်ဦးတစ်ယောက်မျှ ထိခိုက်ခြင်းမရှိဟု သိရသည်။ **(အင်တာနက်)**

တရုတ်ကျောက်မီးသွေးတွင်း၌ လုပ်သားခုနစ်ဦး ပိတ်မိသေဆုံး

တိုက်ယွန် စက်တင်ဘာ ၁၇

တရုတ်နိုင်ငံမြောက်ပိုင်း ရှန်ဇီပြည်နယ်တွင် စက်တင်ဘာ ၁၆ ရက်က ရေလွှမ်းနေသည့် မြေအောက်ကျောက်မီးသွေးတွင်းအတွင်း၌ ပိတ်မိနေသော အလုပ်သမားခုနစ်ဦးတို့၏ ရုပ်အလောင်းများကို စက်တင်ဘာ ၁၇ ရက်တွင် ကယ်ဆယ်ရေးလုပ်သားများက ရှာဖွေတွေ့ရှိခဲ့ကြောင်း ဒေသခံအာဏာပိုင်များက ပြောကြားသည်။

ရှန်ဇီပြည်နယ် ရှန်ယင်စီရင်စုရှိ အဆိုပါ ကျောက်မီးသွေးတွင်းအတွင်း၌ ပျောက်ဆုံးလျက်ရှိသော ကျောက်မီးသွေးတွင်းတူးသမားလေးဦးတို့၏ ရုပ်အလောင်းများကို ကယ်ဆယ်ရေးလုပ်သားများက ဆက်လက်ရှာဖွေလျက်ရှိသည်ဟု ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ထိုနေ့ ညနေ ၂ နာရီ ၃၇ မိနစ်က ရေလွှမ်းမှုစတင်ချိန်တွင် ကျောက်မီးသွေးတွင်းထဲ၌ အလုပ်သမား၂၁ ဦးရှိနေကြောင်း ပဏာမစုံစမ်းစစ်ဆေးချက်အရ သိရသည်။ **(ဝဲပုံ)**

မိုင်းအလုပ်သမား ၁၁ ဦး ကျောက်မီးသွေးတွင်းထဲ၌ ပိတ်မိနေစဉ် ကျန်ကျောက်မီးသွေးတွင်းတူးသမား ၁၀ ဦးတို့က အသက်ဘေးမှ လွတ်မြောက်လာခဲ့ကြသည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။ **(အင်တာနက်)**

* ကျောဖုံးမှ

ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပညာကိုမဏ္ဍိုင်ပြုပြီး လိုရာခရီးသို့ ချီတက်ကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် သဘာဝအရင်းအမြစ်ရော လူ့စွမ်းအားအရင်းအမြစ်ပါ နှစ်မျိုးစလုံးရှိပြီးဖြစ်ရာ လူ့စွမ်းအားအရင်းအမြစ်ကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်ပါက မုချမသွေ ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်လာမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ထမ်းများအားလုံးသည် ကာယ၊ ဉာဏ စွမ်းအားရှိသလောက် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများကို အမျိုးသားရေး ဦးတည်ချက်များနှင့်အညီ ကြိုးပမ်းတည်ဆောက်လျက်ရှိရာတွင် နယ်မြေဒေသအသီးသီးမှ ဆရာ ဆရာမများကလည်း မိမိတို့ကျရာကဏ္ဍက ပြည်သူများအပေါ် စေတနာထားပြီး အလုပ်အကျွေးပြုကြရမည်ဖြစ်ကြောင်း၊ နိုင်ငံသူ နိုင်ငံသားတိုင်း အခြေခံစာတတ်မြောက်ပြီး မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို အစဉ်လေ့လာ သင်ယူနေသည့် လူ့ဘောင်အဖွဲ့အစည်းဖြစ်အောင် ဖော်ဆောင်ပေးကြရမည်ဖြစ်ကြောင်း၊ ကျောင်းပညာရေး၊ ကျောင်းပြင်ပပညာရေးနှင့် မိမိကိုယ်တိုင်သတ်မှတ်သင်ယူသည့် ပညာရေးတို့ကို နိုင်ငံသားအားလုံး၏ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆတက်ထမ်းပိုး တိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် အဓိကဆောင်ရွက်ရမည်မှာ စာမတတ်သူပပျောက်ရေးဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် စာမတတ်သူပပျောက်ရေးကို အဓိကဆောင်ရွက်ပေးနေသည့် ကျောင်းပြင်ပပညာရေး (Non- Formal Education)လုပ်ငန်းများကိုလည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ထူးချွန်ဆုရ သင်တန်းသား သင်တန်းသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို တပ်ခွဲအလိုက်ပေးအပ်ကာ သင်တန်းဆင်း ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကနီနှင့်ယင်းမာပင်မြို့နယ်တို့၌ ကျောင်းဆောင်သစ်ဖွင့်ပွဲများကျင်းပ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးသည် စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် ကနီမြို့နယ် လင်ပုန်းရည်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း ဇေယျာဆောင် ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကျောင်းအကျိုးတော်ဆောင်တစ်ဦးက တိုင်းဒေသကြီးပညာရေးမှူး(စစ်ဆေးရေး)ထံ ကျောင်းဆောင်သစ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

အလားတူ ယင်းမာပင်မြို့နယ် နဘူးတောကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း နဝဒေးကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို တက်ရောက်အားပေးပြီး ကျောင်းအတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ နဘူးတောကျေးရွာ ပညာဗိမာန်စာကြည့်တိုက်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ယင်းမာပင်မြို့နယ် ကျောက်မော်ကျေးရွာကျေးလက်ခန်းမနှင့် နေ့ကလေးထိန်းကျောင်းဆောင် ဆောက်လုပ်နေမှု၊ အခြေခံပညာ အထက်တန်းကျောင်း၏သင်ကြားမှုသင်ယူမှုအထောက်အကူပြု စာသင်ခန်းမများ၌ ကျောင်းသားကျောင်းသူများ ပညာသင်ကြားနေမှု၊ ကြွေရတနာစာကြည့်တိုက်၌ ကျေးရွာပြည်သူများ စာပေဖတ်ရှုလေ့လာနေမှုတို့ကို ကြည့်ရှုစစ်ဆေးအားပေးပြီး **(အပေါ်ပုံ)** စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များ ထောက်ပံ့ပေးအပ်သည်။ မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပသော (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ စစ်ကိုင်းတိုင်းဒေသကြီး အောင်နိုင်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အဌမအကြိမ်မြောက် ဆရာဝန်ညီလာခံနှင့် ဆေးနှင့်ဆေးပစ္စည်းပြပွဲကျင်းပမည်

ပုသိမ် စက်တင်ဘာ ၁၇

အဌမအကြိမ်မြောက် ဧရာဝတီတိုင်းဒေသကြီး ဆရာဝန်ညီလာခံနှင့် ဆေးနှင့်ဆေးပစ္စည်းပြပွဲကို နိုဝင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် မြန်မာနိုင်ငံဆရာဝန်အသင်း ပုသိမ်အဆောက်အအုံ၌ ကျင်းပမည်ဖြစ်ပြီး ဧည့်သည်ပါမောက္ခကြီးများနှင့် အထူးကုဆရာဝန်ကြီးများက ဟောပြောဆွေးနွေးမှုများနှင့် နောက်ဆုံးပေါ်ဆေးနှင့်ဆေးပစ္စည်းပြပွဲများ ပါဝင်မည်ဖြစ်ရာ ဆေးပြခန်းများဖွင့်လှစ်လိုပါလျှင် ဥက္ကဌ အရိုးကုဆရာဝန်ကြီး ဒေါက်တာကြည်ဖေ ဖုန်း-၀၄၂-၂၄၂၉၂နှင့် အတွင်းရေးမှူး ခွဲစိတ်ကုဆရာဝန်ကြီး ဒေါက်တာဦးစောအောင် ဖုန်း-၀၄၂-၂၃၃၉၀၊ ၀၄၂-၂၀၂၉၇ တို့သို့စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

စစ်ကိုင်းတိုင်းဒေသကြီး ၁၃၂ ကေဗွီ ကျောက်ပုထိုးပင်မဓာတ်အားခွဲရုံရှိ ၆၆ ကေဗွီ ကျောက်ပုထိုး-နဘား-ရွှေကူ-ဗန်းမော် ဓာတ်အားလိုင်းတွင် ဓာတ်အားပြတ်တောက်မှုလျှော့နည်းစေရေးအတွက် အရည်အသွေးကျဆင်းလာသော ကြွေသီးများ လဲလှယ်ခြင်း၊ ၁၀ ပေအောက် မလွတ်ကင်းသော ကြိုးနိမ့်နေရာသုံးခုတို့၌ ထောက်တိုင်ထည့်ခြင်းလုပ်ငန်းတို့ ဆောင်ရွက်ရန်အတွက် ၁၉-၉-၂၀၁၁ ရက်နေ့မှ ၆-၁၀-၂၀၁၁ ရက်နေ့အထိ နေ့စဉ် ၆ နာရီမှ ၁၈ နာရီအထိ ခေတ္တဓာတ်အားပိတ်ထား၍ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါနေရာဒေသများတွင် ဓာတ်အားပြတ်တောက်လျက်ရှိမည် ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

စဉ်	ဓာတ်အားပြတ်တောက်မည့် နေရာဒေသများ	နေ့ရက်	အချိန်
၁။	၆၆ ကေဗွီ နဘားခွဲရုံမှ ဓာတ်အားပေးထားသော နေရာဒေသများ	၁၉-၉-၂၀၁၁ရက်နေ့မှ ၆-၁၀-၂၀၁၁ရက်နေ့အထိ	၀၇း၀၀ နာရီမှ ၁၈း၀၀ နာရီအထိ
၂။	၆၆ ကေဗွီ ဗန်းမော်ခွဲရုံမှ ဓာတ်အားပေးထားသော နေရာဒေသများ	၁၉-၉-၂၀၁၁ရက်နေ့မှ ၆-၁၀-၂၀၁၁ရက်နေ့အထိ	၀၇း၀၀ နာရီမှ ၁၈း၀၀ နာရီအထိ
၃။	၆၆ ကေဗွီ ရွှေကူခွဲရုံမှ ဓာတ်အားပေးထားသော နေရာဒေသများ	၁၉-၉-၂၀၁၁ရက်နေ့မှ ၆-၁၀-၂၀၁၁ရက်နေ့အထိ	၀၇း၀၀ နာရီမှ ၁၈း၀၀ နာရီအထိ

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

နေပြည်တော် မထသ (မြို့တွင်း) ကြီးကြပ်မှုအောက်ရှိ ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား အသိပညာပေးဟောပြောပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၇

နေပြည်တော် မထသ(မြို့တွင်း) ကြီးကြပ်မှုအောက်ရှိ ယာဉ်လိုင်းများမှ ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များအား တူညီဝတ်စုံပေးအပ်ပွဲနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် မထသ(မြို့တွင်း) ဥက္ကဌ ဦးဝင်းထိန်က နေပြည်တော်ကောင်စီနယ်မြေအတွင်း ပြေးဆွဲလျက်ရှိသော ရွှေမြို့တော်၊ အားမာန်သစ်နှင့် တောင်ညို-မိုးစွေ ယာဉ်ငယ်လိုင်းများမှ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ၅၈၈ ဦးအတွက် တူညီဝတ်စုံ စရိတ်ငွေကျပ် ၃၅ သိန်း ၈ သောင်း ၈ထောင်ကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် နေပြည်တော်ယာဉ်ထိန်းဌာနခွဲမှူး ရဲမှူးမျိုးညွန့်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ပြည်တွင်းအားကစားသတင်း ပြည်တွင်းအားကစားသတင်း

အပြည်ပြည်ဆိုင်ရာခြင်းလုံးနည်းပြနှင့် ဒိုင်လူကြီးသင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၁၇

၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာခြင်းလုံးနည်းပြနှင့် ဒိုင်လူကြီးသင်တန်း အမှတ်စဉ် (၁/၂၀၁၁)ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဌ ဦးစိုးနိုင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ခြင်းလုံးနာယကအဖွဲ့ဝင်များကိုယ်စား ဒေါက်တာဒေါ်ရီရီထွေးက အလှူငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းရာ အဖွဲ့ချုပ်ဥက္ကဌက လက်ခံသည်။

သင်ကြားပို့ချ

သင်တန်းတွင် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အမျိုးသား ၆၈ ဦး၊ အမျိုးသမီး ၂၀ စုစုပေါင်း ၈၈ ဦးတို့ တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကို စက်တင်ဘာ ၁၇ ရက်မှ ၃၀ ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားခန်းမ၌ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ပဥ္စမနေ့ပွဲစဉ် ဆက်လက်ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၇

၂၀၁၁ခုနှစ် (၁၇)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ပဥ္စမနေ့ပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ရှိ ပိုက်ကျော်ခြင်းအားကစားရုံ၌ ဆက်လက်ကျင်းပရာ အမျိုးသား သုံးယောက်တွဲ ရှုံး/ထွက်ပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ မန္တလေးတိုင်းဒေသကြီးအသင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ အနိုင်ရရှိကြသည်။

အကြိုဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ အနိုင်ရရှိကြသည်။

တတိယလုပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်း အနိုင်ရရှိပြီး အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် ချင်းပြည်နယ်အသင်း၊ ရှမ်းပြည်နယ်အသင်း၊ အမျိုးသမီးနှစ်ယောက်တွဲပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ စစ်ကိုင်းတိုင်းဒေသကြီး (ခ)အသင်း၊ မန္တလေးတိုင်းဒေသကြီးအသင်း၊ မကွေးတိုင်းဒေသကြီးအသင်း၊ မွန်ပြည်နယ် (ခ)အသင်း၊ စစ်ကိုင်းတိုင်းဒေသကြီး(က)အသင်း၊ မွန်ပြည်နယ်(က)အသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ အနိုင်ရရှိသွားကြသည်။

ဆဋ္ဌမနေ့ပြိုင်ပွဲများကို စက်တင်ဘာ ၁၈ ရက် နံနက် ၈ နာရီတွင် အဆိုပါအားကစားရုံ၌ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လက်ရွေးစင်ရေကူးအသင်း ပူးတွဲလေ့ကျင့်ရန် တရုတ်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ်(နန်နင်းမြို့)၌ စက်တင်ဘာ ၁၇ ရက်မှ အောက်တိုဘာ ၂၂ ရက်အထိ ရေကူးအားကစားပူးတွဲလေ့ကျင့်ရန်အတွက် အဖွဲ့ခေါင်းဆောင်အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမား စုစုပေါင်း ၁၇ ဦးပါ မြန်မာ့လက်ရွေးစင်ရေကူးအသင်းသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဌနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အားကစားနှင့် တီဘီရောဂါအကြောင်း သိကောင်းစရာပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၇

အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)နှင့် အပြည်ပြည်ဆိုင်ရာ လူထုရေးဝန်ဆောင်မှုအဖွဲ့ (Population Service International)တို့ ပူးပေါင်း၍ အားကစားနှင့်တီဘီရောဂါအကြောင်း သိကောင်းစရာ အသိပညာပေးဟောပြောဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ အားကစားနှင့်ကာယပညာဦးစီးဌာန ကျိုက္ကဆံအားကစားကွင်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် အပြည်ပြည်ဆိုင်ရာ လူထုရေးဝန်ဆောင်မှုအဖွဲ့မှ ဒေါက်တာနန်းညိုညိုဝင်းက အားကစားနှင့် တီဘီရောဂါအကြောင်း သိကောင်းစရာများ၊ ဆောင်ရန်/ရှောင်ရန်များကို ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသော သင်တန်းသားများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘောလုံးနှင့် နှစ်လုံးထီ လောင်းကစားသူများ အရေးယူ

ရန်ကုန် စက်တင်ဘာ ၁၇

ပုသိမ်မြို့နယ် အသည်ကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၇ ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့ အမှတ်(၅) ရပ်ကွက်နေ ကျော်ဇင်လတ် အသက် ၃၃ နှစ် နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်း ဗီရိုထဲမှ ဘောလုံးပွဲ လောင်းကြေးငွေတန်ဖိုးများရေးထားသည့် စာအုပ်တစ်အုပ်၊ ဂဏန်းပေါင်းစက်တစ်လုံး၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် လောင်းကြေး ငွေကျပ် ၂၀၈၀၇၀၀ တို့ကို သိမ်းဆည်းရမိသဖြင့် ကျော်ဇင်လတ်အား သက်ဆိုင်ရာရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အဆိုပါရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ယင်းနေ့ ညနေ ၃ နာရီ ၁၀ မိနစ်တွင် ပုသိမ်မြို့ အမှတ်(၅) ရပ်ကွက်နေ ဦးစန်းဝင်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဦးစန်းဝင်းအား မတွေ့ဘဲ တစ်ရပ်ကွက်တည်းနေ ဗလကြီး (ခ)သီဟဇော် အသက် ၂၀ အား နှစ်လုံးထီဂဏန်းများနှင့် ငွေတန်ဖိုးများ ရေးသားထားသည့် လယ်ဂျာစာရွက် နှစ်ရွက်၊ ဘောက်ချာစာရွက် တစ်ရွက်၊ ဂဏန်းပေါင်းစက် တစ်လုံးနှင့် လောင်းကြေးငွေကျပ် ၈၁၁၀၀၀ တို့ကို သိမ်းဆည်းရမိသဖြင့် ဗလကြီး (ခ)သီဟဇော်အား သက်ဆိုင်ရာရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိသည်။မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ပြည်သူများ၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုများကြောင့် ယခုကဲ့သို့ လောင်းကစားမှုအပါအဝင် ပြစ်မှုများကို ဖော်ထုတ်အရေးယူနိုင်ခြင်းဖြစ်ကြောင်း သိရသည်။ **ရီရီမြင့်(သတင်းစဉ်)**

စစ်တောင်းမြစ်ရေအခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၇

စစ်တောင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၁၁၉ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၄၉ စင်တီမီတာ (၁ ဒသမ ၆ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာ အထက်တွင် ဆက်လက် တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်သေး ဥရောပသို့ ခြေဆန့်ပြီ

ဂျာမနီနိုင်ငံရှိ Die Kiste Das Augsburger ရုပ်သေးပြတိုက်၌ပြသရန် ထွေးဦး မြန်မာ့ရိုးရာယဉ်ကျေးမှုရုပ်သေးအဖွဲ့က ပြုလုပ်ပေးပို့ခဲ့သော သူငယ်တော်ရုပ်များအား တွေ့ရစဉ်။

ရန်ကုန် စက်တင်ဘာ ၁၇

မြန်မာ့ရုပ်သေး အနုပညာကို ကမ္ဘာကသိအောင်ဟူသည့် ရည်ရွယ်ချက်ဖြင့် ဥရောပနိုင်ငံများ၌ လှည့်လည်ကပြဖျော်ဖြေရန် ထွေးဦး မြန်မာ့ရိုးရာယဉ်ကျေးမှု ရုပ်သေးအဖွဲ့သည် စက်တင်ဘာ ၁၅ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ ဖရင့်ဖတ်မြို့သို့ ထွက်ခွာသွားပြီဖြစ်သည်။

ရွှေတံဆိပ်ရရှိ

အဆိုပါ အဖွဲ့တွင် ထွေးဦး ရုပ်သေးအဖွဲ့ကို တည်ထောင်သူများဖြစ်ကြသည့် အနုပညာဒါရိုက်တာ ဦးခင်မောင်ထွေးနှင့် မန်နေဂျာ ဒေါ်တင်တင်ဦး၊ ရုပ်သေးပညာရှင်များဖြစ်ကြသော ဦးထွန်းကြည် (ခ) ဒေါင်းရင်၊ ဦးမောင်ကြည်၊ ဒေါ်တင်နန်းမြင့် (ခ) နန်းတင်နှင့် ဒေါ်ချိုချိုစန်းတို့ လိုက်ပါသွားကြပြီး အဖွဲ့တွင်ပါဝင်သည့် ရုပ်သေးပညာရှင်ကြီးများမှာ နိုင်ငံတော်က ကျင်းပခဲ့သည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ၌ ရွှေတံဆိပ်ရရှိထားကြသူများဖြစ်သည်။

အဆိုပါ အဖွဲ့သည် စက်တင်ဘာ ၁၈ ရက်မှ အောက်တိုဘာ ၁၉ ရက်အထိ ပြင်သစ်နိုင်ငံ Charleville Mezieres မြို့၌ ကျင်းပမည့် (၁၆) ကြိမ်မြောက် ကမ္ဘာ့ရုပ်သေးပွဲတော်သို့ တက်ရောက်ကပြပြီး ဂျာမနီ၊ ဟော်လန်၊ ဩစတြီးယားနှင့် ပြင်သစ် စသည့် ဥရောပလေးနိုင်ငံရှိ မြို့ ၁၂ မြို့၌ ပွဲပေါင်း ၃၀ ခန့်လှည့်လည်ကပြသွားမည် ဖြစ်သည်။

ဂျာမနီနိုင်ငံ Augsburg မြို့ရှိ Die Kiste Das Augsburger ရုပ်သေးပြတိုက်မှ တာဝန်ရှိသူများက အဆိုပါ ရုပ်သေးပြတိုက်၌ အမြဲတမ်းပြသနိုင်ရန် ကမ်းလှမ်းသဖြင့် ထွေးဦးမြန်မာ့ရိုးရာယဉ်ကျေးမှု ရုပ်သေးအဖွဲ့က သူငယ်တော် အရုပ်ငါးရုပ်၌ အိုးစည်၊ ဒိုးပတ်၊ ဝါးလက်ခုပ်၊ လင်းကွင်းနှင့် နှဲများ တပ်ဆင်ကာ ဇူလိုင်လက ကြိုတင်ပေးပို့ခဲ့ရကြောင်း သိရှိရသည်။

ညွန့်သန်း(သတင်းစဉ်)

မြန်မာ့ရွှေဈေး ထပ်မံစံချိန်ချိုး

ရန်ကုန် စက်တင်ဘာ ၁၇

မြန်မာ့ရွှေဈေးဟာ စက်တင်ဘာ ၃ရက်က အခေါက်ရွှေ တစ်ကျပ်သားကို ငွေကျပ် ၇၂၈၀၀၀နဲ့ အမြင့်ဆုံး စံချိန်တင်ထားခဲ့ပါတယ်။ အဲဒီနောက် တဖြည်းဖြည်းနဲ့ ကျဆင်းလာခဲ့ရာက အခေါက်ရွှေ တစ်ကျပ်သားကို ငွေကျပ် ၇၁၈၀၀၀ အထိ ဖြစ်သွားခဲ့ပါတယ်။

ထပ်မံချိုး

စက်တင်ဘာ ၁၅ ရက် ညနေ ရွှေဆိုင်များအသိမ်းမှာ မထင်မှတ်ဘဲ အခေါက်ရွှေ တစ်ကျပ်သားကို ငွေကျပ် ၇၃၅၀၀၀အထိ ဖြစ်သွားတာမို့ မြန်မာ့ရွှေဈေးစံချိန်သစ်တစ်ရပ် ထပ်မံချိုးခဲ့ပြန်ပြီလို့ ပြောရမှာဖြစ်ပါတယ်။ ဒါပေမယ့် နောက်တစ်ရက် ၁၆ ရက် နံနက်ပိုင်းဈေးအဖွင့်မှာ အခေါက်ရွှေတစ်ကျပ်သားကို ငွေကျပ် ၇၂၃၅၀၀ နဲ့ ဈေးဖွင့်ရောင်းခဲ့ပြီး ညနေ ရွှေဆိုင်တန်းအပိတ်မှာတော့ အခေါက်ရွှေ တစ်ကျပ်သားကို ငွေကျပ် ၇၂၅၀၀၀ ဈေးဖြစ်သွားပါတယ်။ ကမ္ဘာ့ရွှေဈေးက စက်တင်ဘာ ၁၆ ရက် (သောကြာနေ့)မှာ တစ်အောင်စကို ဒေါ်လာ ၁၇၇၀ ဖြစ်ခဲ့တယ်လို့သိရပါတယ်။

ဒေါ်လာဈေးကလည်း တက်လာခဲ့ပြီး ၄င်းဈေးကွက်အတွင်းက ပုဂ္ဂိုလ်တစ်ဦးက "ကားအဟောင်းတွေ အလဲအလှယ်အတွက် ယခုလို ဒေါ်လာလဲလှယ်နှုန်း တက်လာတာပါ" လို့ ဆိုပါတယ်။ ဗိုလ်ချုပ်ဈေး၊ ရွှေဘုံသာလမ်း၊ လမ်းမတော် ရွှေဆိုင်တန်းတွေမှာ ဝယ်သူပြန်ရောင်းသူတို့ သူ့ဖောက်သည်နှင့်သူ အဝင်အထွက်ရှိနေတာကို တွေ့မြင်ခဲ့ရပါတယ်။

လမ်းမတော်ရှိ ရွှေဆိုင်မှ မိတ်ဆွေတစ်ဦးက "အခြားစီးပွားရေးသမားအချို့က ယခုလတ်တလော ဖြစ်ပေါ်နေတဲ့ မြန်မာ့ရွှေဈေးကွက်အပေါ် ပါးပါးလေးနဲ့ အရောင်းအဝယ်လုပ်နေကြတယ်ဗျ" ဟု ဆိုပါတယ်။

စက်တင်ဘာ ၁၇ ရက် (စနေနေ့) မှာ အခေါက်ရွှေတစ်ကျပ်သားကို ငွေကျပ် ၇၃၁၀၀၀ ဖြစ်နေပြီး ၁၅ ပဲရည် တစ်ကျပ်သားကို ငွေကျပ် ၆၈၅၅၀၀ နဲ့ ၁၄ ပဲရည် တစ်ကျပ်သားကို ငွေကျပ် ၆၄၀၀၀၀ ရှိနေပါကြောင်း ယခုအပတ်ရွှေဈေးသတင်း တင်ပြလိုက်ရပါတယ်။ **(ဝ၄၂)**

တစ်ဧကတင်း ၅၀ ထွက်ရှိနိုင်သည့် စပ်မျိုးနေကြာမျိုးများ အခမဲ့ပေးမည်

နေပြည်တော် စက်တင်ဘာ ၁၇



သတင်းမှတ်စု-မြင့်မောင်စိုး
ဓာတ်ပုံ-ကျော်သူဝင်း

၂၀၁၁-၂၀၁၂ ဆောင်းသီးနှံ စိုက်ပျိုးရေးရာသီတွင် ဆီထွက်သီးနှံ ဖွံ့ဖြိုးတိုးတက်ရေး အကူအညီဖြင့် တစ်ဧကတင်း ၅၀ ထွက်ရှိနိုင်သည့် စပ်မျိုး နေကြာမျိုးစေ့များ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ တောင်သူများအား အခမဲ့ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေး ဒုတိယမန်နေဂျာ ဦးဇော်ဝင်းက မြန်မာ့အလင်းသို့ ပြောကြားသည် "ကျွန်တော်တို့ မြို့နယ်မှာ လာမယ့်ဆောင်းရာသီအတွက် အထွက်နှုန်းကောင်း ရေဆင်းစပ်မျိုးနေကြာမျိုးစေ့များကို မန္တလေးတိုင်းဒေသကြီး ဆီထွက်သီးနှံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရဲ့ အကူအညီနဲ့ နေကြာ စိုက်ဧက ၁၀၀အတွက် တောင်သူများအား အခမဲ့ဖြန့်ဝေပေးမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကွန်ပေါင်းဓာတ်မြေဩဇာနဲ့ ပုလဲဓာတ်မြေဩဇာတွေကိုလည်း နေကြာစိုက်ဧက ၁၀၀အတွက် အခမဲ့ပေးသွားမှာပါ" ဟု ဦးဇော်ဝင်းက ဆက်လက်ရှင်းပြသည်။

တပ်ကုန်း မြို့နယ်တွင် နေကြာစိုက်ဧက ၁၂၀၀ ဝန်းကျင်ရှိသည်။တောင်သူများအနေဖြင့် ယခင်က အခြားနေကြာမျိုးများ စိုက်ပျိုးခဲ့ရာတွင် တစ်ဧကတင်း ၃၀ဝန်းကျင်သာ ထွက်ရှိကြောင်း သိရသည်။ ယခုဖြန့်ဖြူးပေးမည့် ရေဆင်းစပ်မျိုးနေကြာမှာ တစ်ဧကတင်း ၅၀ ထွက်ရှိနိုင်သည်ဟု ဆိုသည်။ နိုင်ငံတော်အစိုးရက ပြည်သူများ စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိရာ နေကြာတစ်ဧက ပန်းတိုင်အထွက်နှုန်းတင်း ၅၀ ထွက်ရှိရန် မျှော်မှန်းစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ) (မြန်မာ့အလင်း)

စံပြငါးဈေးကြီးမှ မြန်မာ့ငါးဈေးကွက်

သတင်းမှတ်စုနှင့်ဓာတ်ပုံ
တင်ဝင်းလေး(ကြည့်မြင်တိုင်)

ရန်ကုန် စက်တင်ဘာ ၁၇

ရှေ့ပိုင်းလတွေက နိုင်ငံခြားငွေ အလဲအလှယ်နှုန်း ကျဆင်းမှုကြောင့် ငါးမွေးမြူရောင်းဝယ်သူများလုပ်ငန်း ခေတ္တရပ်ဆိုင်းသည်အထိဖြစ်ပြီး ယနေ့ ဒေါ်လာလဲလှယ်နှုန်းများ အနည်းငယ်ပြန်တက်လာသည့်အတွက် ငါးဈေးကွက်ပြန်လည်လှုပ်ရှားလာပြီဖြစ်ကြောင်း ကြည့်မြင်တိုင်မြို့နယ်ရှိ ဗဟိုစံပြငါးဈေးကြီးအတွင်းက သတင်းကြားသိရသည်။ **(အောက်ပုံ)**

ဝင်ရောက်လျက်ရှိ

ငါးကန်ပိုင်ရှင်တစ်ဦးလည်းဖြစ်၊ ငါးဒိုင်ပိုင်ရှင်လည်းဖြစ်သည့် မိတ်ဆွေတစ်ဦးက "ဒီငါးမွေးမြူတဲ့အလုပ်က ဈေးမကိုက်လို့ဆိုပြီး ချက်ချင်းရပ်လိုက်လို့ မရဘူးဗျ၊ မွေးမြူထားတဲ့ ငါးတွေရဲ့ အစာဖိုး၊ ကန်လုပ်သားတွေရဲ့ လုပ်အားခတွေက ရပ်လို့မရဘဲ ဒီအတိုင်းမေးသွားရတယ်"ဟု ဆိုပါသည်။ စံပြငါးဈေးကြီးအတွင်းသို့ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့မှ နေ့စဉ်ငါးပိဿာချိန် ၁၅၀၀၀၀ အဝင်ရှိနေသော်လည်း ယခင်လများက အဝင်လျော့နည်းခဲ့ကြောင်း၊ ယခုရက်ပိုင်းအတွင်းမှ ပုံမှန်ပြန်လည်ဝင်ရောက်လျက်ရှိကြောင်းကိုလည်း သိခဲ့ရသည်။

ဈေးရှိနေ

ယခုရက်ပိုင်းအတွင်း တွံတေးမြို့နယ်ရှိ ငါးကန်များက ငါးများ အဝင်အများဆုံးဖြစ်ကြောင်း သိရသည်။ နေ့စဉ် ပိဿာချိန် တစ်သိန်းဝန်းကျင်ဝင်လျက်ရှိနေကြောင်း တွံတေး ငါးကန်ပိုင်ရှင်တစ်ဦးက ဗဟိုစံပြငါး ဈေးကြီးအတွင်း တွေ့ဆုံခိုက်ပြောပြခဲ့သည်။ ယခုရက်အတွင်း ငါးမြစ်ချင်း တစ်ပိဿာ ငွေကျပ် ၁၄၀၀မှ ငွေကျပ် ၁၆၀၀၊ ငါးကြင်း တစ်ပိဿာ ငွေကျပ် ၂၈၀၀မှ ငွေကျပ် ၃၀၀၀ အတွင်း ဈေးရှိနေကြောင်း သိရှိရသည်။ **(ဝ၄၂)**

Shwe FM Radio Station နှစ်နှစ်ပြည့် အထိမ်းအမှတ် ဂီတဆုပေးပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၇

Shwe FM Station စတင်ထုတ်လွှင့်ခဲ့သည်မှာ နှစ်နှစ်ပြည့်တော့မည်ဖြစ်သည်။ နှစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဂီတဆုပေးပွဲကျင်းပနိုင်ရေးအတွက် Shwe FM မိသားစုက ပြင်ဆင်လျက်ရှိသည်။ Shwe FM Radio Station နှစ်နှစ်ပြည့်အထိမ်းအမှတ် ဂီတဆုပေးပွဲကို အောက်တိုဘာ ၃ ရက် ညနေ ၆ နာရီတွင် ဒဂုံမြို့နယ်မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ပြုလုပ်သွားမည်ဖြစ်သည်။ တစ်နိုင်ငံလုံး သီချင်းအတောင်းခံရဆုံး တေးသံရှင်စုံတွဲဆု၊ ရွှေပရိသတ်၏ သီချင်းအတောင်းခံရဆုံး အမျိုးသမီးတေးသံရှင်ဆု၊ ရွှေပရိသတ်၏ သီချင်းအတောင်းခံရဆုံး အမျိုးသားတေးသံရှင်ဆု၊ ကမ္ဘာရော မြန်မာပါ ရွှေပရိသတ်၏ စိတ်ကြိုက်ရွေးချယ်ခံရသူ တေးသံရှင်ဆုများကို ချီးမြှင့်သွားမည်ဖြစ်ကြောင်း Shwe FM တာဝန်ရှိသူတစ်ဦးထံမှ သိရှိရသည်။ အဆိုပါ အခမ်းအနားတွင် တေးသံရှင် ကိုင်ဇာ၊ R ဇာနည်၊ ဇော်ပိုင်၊ ရိန်မိုး၊ အောင်လ၊ ဩရသ၊ စိုင်းအောင်ထီးခမ်း၊ ညဏ်လင်းအောင်၊ ကျော်သီဟ၊ ဖြူဖြူကျော်သိန်း၊ အယ်လ်ဆိုင်းဇီ၊ မေသူ၊ နီနီခင်ဇော်၊ ရတနာဖြူဖြူအောင်၊ ဂီတမိတ်အဖွဲ့နှင့်အတူ Star Model Agency မှ အဖွဲ့သားများကလည်း တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

ရီရီမြင့်(သတင်းစဉ်)

ချောင်းရေတိုက်စားမှု မီးရထားလမ်းနှင့်နီးကပ်လာ

တောင်တွင်းကြီး စက်တင်ဘာ ၁၇

နေပြည်တော်-ပျဉ်းမနား-တောင်တွင်းကြီး-ပုဂံ မီးရထားလမ်းပိုင်းပေါ်ရှိ တောင်တွင်းကြီးမြို့နယ်အပိုင်း ကုက္ကိုကုန်းဘူတာနှင့် တောင်လျောင်းဘူတာ အကြား မိုင်တိုင် ၂၇၇/၁၂ နှင့် ၁၃ အတွင်း၌ ကျောက်မိကျောင်း ချောင်းရေတိုက်စားမှုကြောင့် အနက် ခုနစ်ပေ၊ အရှည်ပေ ၂၀၀ ခန့်ရှိ ချောင်းကမ်းပါးသည် မီးရထားလမ်းနှင့် နီးကပ်လာကြောင်း သိရသည်။ **(ဝဲပုံ)** စက်တင်ဘာ ၁၆ ရက်တွင် အချို့နေရာ၌ ရထားဇလီဖားတုံးထိပ်နှင့် ခြောက်ပေခန့်သာ ကွာဝေးတော့သဖြင့် မီးရထားများသွားလာရေး မထိခိုက်စေရန် တောင်တွင်းကြီးမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရုံပိုင်ကြီးဦးစိုးလှ၊ မြန်မာ့မီးရထားမှ အင်ဂျင်နီယာများက ကြီးကြပ်၍ သဲအိတ်များချခြင်း၊ ပိုင်တိုင်များရိုက်ခြင်းနှင့် ကျောက်တုံးများချခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသဖြင့် အဆိုပါ လမ်းပိုင်းတွင် နေ့စဉ် မီးရထားပုံမှန်ပြေးဆွဲလျက်ရှိသည်။ **(၁၁၇)**

ပြိုင်ပွဲဝင် ပြဇာတ်ကောင်းတစ်ပုဒ်ဖြစ်စေဖို့

တင်ထွန်းဦး (ယဉ်ကျေးမှု)

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကား ၂၀၁၁ ခုနှစ် အောက်တိုဘာတွင် နေပြည်တော်၌ ကျင်းပတော့မည်ဖြစ်သည်။ မြန်မာ့သဘင်လောကတွင် အပျော်ကြည့်သက်သက်ပြဇာတ်များ လွှမ်းမိုးနေချိန်တွင် အမျိုးသားရေးဦးတည်ချက်များနှင့်အညီ အနှစ်သာရရှိသော ပြဇာတ်ကောင်းများကို ကြည့်ကြရတော့မည်ဖြစ်သည်။ ပြဇာတ်ပြိုင်ပွဲကို (၁၅)ကြိမ်မြောက်မှစ၍ ထည့်သွင်းကျင်းပလာခဲ့သည်မှာ ယခုနှစ်ဆိုပါလျှင် (၄)ကြိမ်ရှိပြီဖြစ်၏။ ပြဇာတ်အမည်များကိုဖော်ပြရပါလျှင် (၁၅)ကြိမ်မြောက်ပြိုင်ပွဲတွင် **"စည်းလုံးစို့လေ၊ သွေးချင်းတို့ရဲ့ပြည်"** (၁၆)ကြိမ်မြောက်ပြိုင်ပွဲတွင် **"လူငယ့်အားမာန်မိုးယံဆီသို့"** (၁၇)ကြိမ်မြောက်ပြိုင်ပွဲတွင် **"သားကောင်းရတနာ"နှင့်** ယခုနှစ် (၁၈)ကြိမ်မြောက်ပြိုင်ပွဲတွင် **"လူငယ့်စွမ်းအား"** အမည်ဖြင့် ပြိုင်ပွဲဝင်ရန်သတ်မှတ်ပေးထား၏။ ပြိုင်ပွဲဝင် အဖွဲ့တစ်ဖွဲ့လျှင် သရုပ်ဆောင် ၂၀ နှင့် ပံ့ပိုးဆိုင်း ၁၀ ဦးအပါအဝင် စုစုပေါင်း ၃၀ နှင့်ယှဉ်ပြိုင်ကြရမှာဖြစ်ပြီး ယှဉ်ပြိုင်ချိန်မှာ မိနစ် ၉၀ တိတိဖြစ်၏။ ရွေးတံဆိပ်ဆုများအဖြစ် (က)ဇာတ်ညွှန်းဆု၊ (ခ) ဒါရိုက်တာဆု၊ (ဂ)အဖွဲ့လိုက်ဆု၊ (ဃ)ပြဇာတ်မင်းသားဆု၊ (င) ပြဇာတ်မင်းသမီးဆု၊ (စ) အမျိုးသားဇာတ်ပို့ဆု၊ (ဆ) အမျိုးသမီးဇာတ်ပို့ဆု၊ (ဇ) ပြဇာတ် ပို့ဆိုင်းအဖွဲ့ဆုဟူ၍ စုစုပေါင်း ရှစ်ဆု ချီးမြှင့်မည်ဖြစ်၏။

ပြိုင်ပွဲဝင်မည်ဆိုရာတွင် ပြဇာတ်ကောင်းတစ်ပုဒ်ဖြစ်လာရန်အတွက် ဇာတ်ညွှန်းသည် များစွာအရေးကြီးလှသည်။ သတ်မှတ်ထားသည့် မိနစ် ၉၀ အတွင်း ပရိသတ်ကို ဆွဲဆောင်နိုင်စွမ်းရှိအောင်၊ ပရိသတ်နားလည်အောင်၊ ပရိသတ် စိတ်ဝင်စားအောင် တင်ပြနိုင်ရမည်ဖြစ်၏။ အခန်းဖွဲ့စည်းမှု နည်းလွန်းလျှင် ဇာတ်မှာ လေးပြီးအေးတတ်သည်။ ပရိသတ်များအား ဆွဲဆောင်မှုနည်းသွားနိုင်၏။အခန်းများလွန်းပါကလည်း မကြာမကြာအခန်းပြောင်းပြောင်းသွားသည့်အတွက် ဇာတ်လမ်းကို နားမလည်ဘဲ ကက်ဆက်ခွေပြဇာတ် ဇာတ်လမ်းကို စင်တင်ကပြသလိုဖြစ်နေ၏။ ထို့ကြောင့် ဇာတ်ညွှန်းရေးဆရာများကို ဇာတ်ရှိန်အတက်အကျ၊ အပူအအေး မှန်ကန်ပြီး အလွမ်း၊ အကြမ်း၊ အသောရသစုံပြဇာတ် တစ်ပုဒ်ဖြစ်စေရန် ဇာတ်ဝင်ခန်း (၂၅) ခန်းဝန်းကျင် ရေးသင့်သည်ဟု အကြံပြုလို၏။ ဇာတ်ညွှန်းရေးဆရာများကို အထူးအကြံပြုလိုသည်မှာ-

၁။ ပြိုင်ပွဲမှ ချမှတ်ပေးထားသော ဦးတည်ချက်နှင့်အနှစ်သာရများ ပါဝင်အောင်ရေးသားဖို့ လိုပါသည်။ ယခုနှစ်တွင် လူမှုရေးဦးတည်ချက်(၄)ရပ်နှင့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်တို့အပေါ်အခြေခံ၍ ဇာတ်အိမ်ဖွဲ့ပြီး ရေးသားကြရမည် ဖြစ်သည့်အတွက် ကျယ်ကျယ်ပြန့်ပြန့်ရေးသားနိုင်ကြမည်ဟု မျှော်လင့်သည်။

၂။ ပြဇာတ်တွင်ပါဝင်သော ဇာတ်ရုပ်များကို ကျရာဇာတ်ရုပ်အလိုက် ပြောင်မြောက်သောစကားလုံးများ၊ ထိမိသောစကားလုံးများနှင့် လေးနက်သော စကားလုံးများပေးနိုင်ရန် လိုအပ်၏။ ခေတ်အလိုက်စကားလုံးများကို ပေးမည်ဆိုပါကလည်း အများနားလည်သော၊ အများသိသော၊ အဓိပ္ပာယ်ကောက်ယူလွယ်သော စကားလုံးများ သုံးသင့်သည်။

၃။ တစ်ခန်းနှင့်တစ်ခန်း ပြောင်းတော့မည့်ဆိုပါက ပြဇာတ်ပီပီအပိတ်စကားလုံးများ ပီပြင်စွာ ပေးနိုင်ရမည်။ ဇာတ်ကြီးတွင် လေပြေအချ၊ ဆိုင်းဆင့်စကားလုံးများရှိသလို ပြဇာတ်တွင်လည်း မင်းသား၊ မင်းသမီးစကားလုံး၊ လူကြမ်းစကားလုံးနှင့်လူရွှင်တော်စကားလုံးများရှိသည်ကို သတိထားပြီး စကားလုံးပေးနိုင်ရန်လိုအပ်သည်။

၄။ ဇာတ်ဝင်တေးသီချင်းများ ထည့်သွင်းမည်ဆိုပါက အထားအသို မှန်ကန်ရန် လိုအပ်၏။ သီချင်းအပုဒ်ရေ များလွန်းပါကလည်း တေးသရုပ်ဖော်ဖြစ်သွားတတ်သည်။ ဇာတ်ဝင်တေးဖြစ်သည့်အတွက် သီချင်းကို နှစ်မိနစ်ဝန်းကျင်သာ ရေးသင့်သည်။ ဇာတ်သိမ်းသီချင်းသည်လည်း ထိုနည်းတူပင်ဖြစ်၏။ မလိုအပ်ဘဲ နှစ်ကျော့ပြန်ပြီး ရှည်လွန်းပါက သတ်မှတ်ချိန်ကျော်လွန်သွားနိုင်၏။ အချိန်ကျော်လွန်ပါက အမှတ်အဖြတ်ခံရမည်ကိုလည်း သတိပြုရန် လိုအပ်၏။

၅။ နောက်ဆုံးအကြံပြုလိုသည်မှာ ဇာတ်ညွှန်းတွင် ပွဲကြည့်ပရိသတ်များ အာရုံမပြတ်စေရန် ဇာတ်ရှိန်အတက်အကျမှန်ကန်အောင်ရေးသားစေချင်သည်။ **"ခင်း၊ ခက်၊ တက်"** သို့မဟုတ် **"ခင်း၊ ခက်၊ တက်၊ ဖြေ"**စသည့် ပြဇာတ်ဇာတ်ညွှန်းရေးဆရာများ၏ ဆောင်ပုဒ်အတိုင်းရေးသားသင့်သည်။

အခန်း (၁)အဖွင့်ကို ပရိသတ်စိတ်ဝင်စားအောင် မည်သို့ဖွင့်မည်။ ဇာတ်ရှိန်အတက်ဆုံး အခန်းကို မည်သည့်နေရာတွင်ထားမည်။ ဇာတ်ကိုမည်သို့ ပေါင်းမည် (သိမ်းမည်) စသည်ဖြင့် စဉ်းစား၍ ရေးသားရန်လိုပါသည်။ အထူးသတိပြုရန်ကား စင်တင်ပြဇာတ်သည် ရုပ်ရှင်၊ ဗီဒီယိုဖြစ်မသွားစေရန် အကြံပြုလိုသည်။ ဇာတ်ညွှန်းကောင်းပါမှ ဒါရိုက်တာလုပ်သူကလည်း ပိုင်နိုင်စွာ ဇာတ်ကိုစီးနိုင်မည် ဖြစ်သည်။ ဒါရိုက်တာသည် ဦးစွာဇာတ်ညွှန်းကို အကြိမ်ကြိမ် နားလည်သဘောပေါက်အောင် ဖတ်ရန်လိုအပ်၏။ သို့မှသာ ဇာတ်ရုပ်များချရာတွင် မှန်ကန်ပြီး သရုပ်ဆောင်များ၏ ဟန်ပန်အမူအရာကို တိကျစွာသင်ပေးနိုင်မည်ဖြစ်၏။ ဒါရိုက်တာသည်လည်း ဇာတ်ခုံ၏ဘုရင်ဖြစ်သည့် အားလျော်စွာ ဇာတ်ခုံပိုင်းဆိုင်ရာ လျှပ်စစ်မီး၊ အသံ၊ ဆက်တင်အခမ်းအနားမှအစ သူ့နေရာနှင့်သူ အထားအသိုမှန်ကန်အောင် စီစဉ်နိုင်မည်ဆိုပါက ပြဇာတ်ဆိုင်းအဖွဲ့၏ ပံ့ပိုးမှုဖြင့် ပြိုင်ပွဲဝင် စင်တင်ပြဇာတ်ကောင်းတစ်ပုဒ် ဖြစ်လာမည်မှာ ဧကန်မလွဲဖြစ်ပါကြောင်း။ ။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား WWF မှ ဧည့်သည်လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၇

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား World Wildlife Fund (WWF)မှ Eastern Himalayas နှင့် Mainland Asia Director Mr. Jon Miceler သည် စက်တင်ဘာ ၁၆ ရက် နံနက် ၁၀နာရီခွဲက နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် တောရိုင်းတိရစ္ဆာန်များထိန်းသိမ်းရေးတို့တွင် ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်၊ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ရီ၊ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်၊ စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ထွန်းနှင့် ညွှန်ကြားရေးမှူး ဦးလှမောင်သိန်းတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



အခွန် ပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၁၅ ရက်က တောင်ဥက္ကလာပမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးအေးမင်းက အခွန်ထမ်းပြည်သူများအား အခွန်ဆိုင်ရာသိကောင်းစရာအချက်အလက်များ ပညာပေးဆွေးနွေးဟောပြောစဉ်။ (မြန်မာ့အလင်း)

ငွေလှူဒါန်း

ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အထက(၂) ပုဇွန်တောင်မှ အငြိမ်းစား ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများက အလှူငွေကျပ် ၁၁၀၀၀၀ လှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေး လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

မိုင်းခတ်မြို့နယ်၌ သီပွံနည်းကျ မိုးစပါးစိုက်ပျိုး

မိုင်းခတ် စက်တင်ဘာ ၁၇

ကျိုင်းတုံခရိုင် မိုင်းခတ်မြို့နယ် ရပ်ကွက်(၂) မိုင်းခတ်အရှေ့ကွင်း ကွင်းအမှတ်(၂၀)၊ ဦးပိုင်အမှတ်(ဂ) တောင်သူ ဦးအိုက်ကျန့်၏ မြို့ဝင်မြို့ထွက် မျိုးသန့်စံပြကွက်၌ ဩဂုတ် ၃၀ရက်က မိုးစပါးတစ်ဧက တင်း ၁၀၀အထက် ထွက်ရှိရေးအတွက် သီပွံနည်းကျစိုက်ပျိုးနည်းစနစ်(၁၄)ချက်ဖြင့်စိုက်ပျိုးထားသော ဆင်းကေရီ (၃) စပါးစိုက်ခင်း၏ အောင်မြင်ဖြစ်ထွန်းနေမှုနှင့် နည်းစနစ်အလိုက်ဆောင်ရွက်ထားမှုကို လက်တွေ့ရှင်းလင်းသရုပ်ပြပွဲကျင်းပသည်။

ဆွေးနွေးပြောကြား

ထို့နောက် မြို့နယ်စိုက်ပျိုးရေး ဒုတိယမန်နေဂျာ ဦးဌေးလွင်က စိုက်ခင်းအတွင်း သက်တမ်းအလိုက်ပင်ပွားများ ထွက်ရှိနေမှု၊ ထွက်ရှိသောပင်ပွားများ အောင်မြင်စေရန် ဆောင်ရွက်ထားရှိမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဒေါပုံမြို့နယ်) ရာသက်ပန်အသင်းဝင်ကတ်ပြား ပေးအပ်ပွဲနှင့် ဟောပြောပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၇

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဒေါပုံမြို့နယ်)က ရာသက်ပန်အသင်းဝင်ကတ်ပြားပေးအပ်ပွဲနှင့် ဟောပြောပွဲအခမ်းအနားကို စက်တင်ဘာ ၁၀ ရက်က ပြာသာဒ်ပရိယတ္တိစာသင်တိုက် မြသီတာ သိမ်တော်ကြီးတွင် ကျင်းပသည်။

အခမ်းအနားတွင် ဒေါပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးနိုင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၊ ဒေါပုံမြို့နယ်အသင်းဥက္ကဋ္ဌ ဦးအောင်မြင့်က မြို့နယ်အသင်း၏ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ **(အောက်ပုံ)**

ထို့နောက် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၊ ရန်ကုန်တိုင်းဒေသကြီးဥက္ကဋ္ဌ ဦးစိုင်းအောင်မင်းက ဂုဏ်ပြုစကားပြောကြားပြီးနောက် ရာသက်ပန်အသင်းဝင် ကတ်ပြားများကို သက်ဆိုင်ရာ ရပ်ကွက်အသင်းဥက္ကဋ္ဌတို့ထံ ပေးအပ်သည်။

ထို့နောက် ဟောပြောပွဲကျင်းပရာ မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (ဗဟို) တွဲဖက်အတွင်းရေးမှူး (နိုင်ငံတကာဆက်ဆံရေး) ဦးသာထွန်းက မူးယစ်ဆေးဝါးဆန့်ကျင်ရေးနှင့် HIV/AIDS ကာကွယ်ရေး အသိပညာပေး အစီအစဉ်ကို ပရိုဂျက်တာဖြင့် ပြသ၍ ရှင်းလင်းဟောပြောခဲ့ကြောင်း သိရှိရသည်။ **(ဝ၅၁)**

တောင်တွင်းကြီးမြို့ မြို့မမူလတန်းလွန်ကျောင်း အာစရိယပူဇော်ပွဲကျင်းပမည်

တောင်တွင်းကြီး စက်တင်ဘာ ၁၇

တောင်တွင်းကြီးမြို့ မြို့မမူလတန်းကျောင်းတွင် အောက်တိုဘာ ၅ ရက် (ဗုဒ္ဓဟူးနေ့)(ကမ္ဘာ့ဆရာများနေ့)၌ ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့နိုင်ရန်အတွက် ရန်ကုန်မြို့နှင့် အနယ်နယ်အရပ်ရပ်ရှိ ကျောင်းသား ကျောင်းသူဟောင်းများသည် အလှူငွေများကို ဦးအောင်ဇေယျာလင်း U.A.Z.L Academic Centre ဖုန်း-၀၉-၅၃၃၃၇၉၁၊ ဦးကျော်စုထွေး (စိမ့်ရွှေဆိုင်) ဖုန်း-၀၉-၅၃၃၃၇၄၂၊ ဦးသိန်းဌေး(ပညာရေး)(ငြိမ်း) ဖုန်း-၀၉-၄၉၁၅၁၀၂၅၊ ဦးဇော်လွင်ဦး (ပညာရေး) (ငြိမ်း) ဖုန်း-၀၆၃-၅၀၄၃၀၊ ဒေါ်ခင်မိုးမိုး ညွှန်ကြားရေးမှူး (ငြိမ်း) စက်မှု(၂) ရန်ကုန် ဖုန်း-၀၁-၅၀၁၀၆၂၊ ၀၁-၅၀၄၇၃၅၊ ဒေါ်ခင်စန်းဝေ (မန္တလေး) ဖုန်း-၀၂-၈၉၄၃၆တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဆိုင်းဘုတ်စိုက်ထူ

ဟိုပင် စက်တင်ဘာ ၁၇

ကချင်ပြည်နယ် ဟိုပင်မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ စက်တင်ဘာ ၉ ရက်က လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအသိပညာပေးဆိုင်းဘုတ် စိုက်ထူခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ဆွေလင်းနှင့် ဝန်ထမ်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

၁ ရှေ့ဖုံးမှ

ညွှန်ကြားရေးမှူး ဦးလှမောင်သိန်းက "ဧရာဝတီမြစ်ကြောင်း ပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုသက်သာစေရန် သစ်တောများထိန်းသိမ်းခြင်းနှင့် စီမံအုပ်ချုပ်ခြင်း" စာတမ်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးကိုကိုဦးက "ဧရာဝတီမြစ်ထိန်းသိမ်းရေးနှင့် အကျိုးရှိစွာအသုံးချနိုင်ရေးအတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လေ့လာတင်ပြချက်" စာတမ်းတို့ကို ဖတ်ကြားဆွေးနွေးကြသည်။

ဆက်လက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်၊ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်၊ ဒုတိယဝန်ကြီးများ၊ ပညာရှင်များနှင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များက ကဏ္ဍအလိုက် အကြံပြု ဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များနှင့် သတင်းထောက်များက သိရှိလိုသည်များကို မေးမြန်းကြရာ ပညာရှင်များနှင့်တာဝန်ရှိသူများက ရှင်းနှီးပွင့်လင်းစွာ ပြန်လည်ဖြေကြားကြသည်။

ပို့ဆောင်ရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးကိုကိုဦးက "ဧရာဝတီမြစ် ထိန်းသိမ်းရေးနှင့် အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ လေ့လာတင်ပြချက်" စာတမ်းကို ဖတ်ကြားဆွေးနွေးစဉ်။ (သတင်းစဉ်)

ထို့နောက် မြန်မာ့စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့်အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အကြံပြုဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယနေ့ အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးချက်များ၊ စာတမ်းများမှာ ဝန်ကြီးဌာနအတွက် အလွန်တန်ဖိုးရှိသော ရလဒ်များရရှိစေပါကြောင်း၊ အားလုံးကို ကျေးဇူးတင်ပါကြောင်း၊ အထူးသဖြင့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လေ့လာအကြံပြုဆွေးနွေးပေးကြသော လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိပါကြောင်း။

လေ့လာနေဆဲ

ဆွေးနွေးပွဲ၏ ရလဒ်များကို တင်ပြရမည်ဆိုလျှင် BANCA အပါအဝင် အခြားပညာရှင်အဖွဲ့များ စုစုပေါင်း (၆)ဖွဲ့က လူအင်အား ၂၅၀ကျော်ဖြင့် လေ့လာခဲ့သော "သဘာဝပတ်ဝန်းကျင် အစီရင်ခံစာ" ပြုစုပြီးဖြစ်၍လည်းကောင်း၊ ယခုအခါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနကို အသစ်ပြောင်းလဲ ဖွဲ့စည်းပြီးဖြစ်၍လည်းကောင်း၊ "သဘာဝပတ်ဝန်းကျင် အစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန"သို့ တင်ပြမည်ဖြစ်ပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ပညာရှင်များဖြင့် အသေးစိတ်သုံးသပ်လေ့လာပြီး လိုအပ်သည်ဟု ထောက်ပြသော အချက်အလက်များကို ထပ်မံစူးစမ်းလေ့လာတင်ပြစေမည်ဖြစ်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင်ကိစ္စသည် အမြဲတမ်း ပြောင်းလဲနေနိုင်သည်ဖြစ်၍ စီမံကိန်းလုပ်ဆောင်နေစဉ်တွင်လည်းကောင်း၊ စီမံကိန်းပြီးစီး၍ စက်များလည်ပတ်နေသည့် အချိန်တွင်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုနှင့် သက်ရောက်မှုများကို ဆက်လက်လေ့လာသွားမည်ဖြစ်ပါကြောင်း၊ စီမံကိန်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ လိုအပ်ချက် အဆုံးအဖြတ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဧရာဝတီမြစ်ဝှမ်းတစ်လျှောက်လည်း မြစ်ဝကျွန်းပေါ်ဒေသအထိ ဆက်လက်လေ့လာသွားရန် စီစဉ်ထားပြီးဖြစ်ပါကြောင်း၊ ယခုလည်း သပိတ်ကျင်းအထိ လေ့လာနေဆဲကာလ ဖြစ်ပါကြောင်း။

သဘာဝပတ်ဝန်းကျင် ဥပဒေ မရှိသေးသဖြင့် လေ့လာရာတွင် ၎င်းတို့ ဖတ်ရှုလေ့လာထားသော နည်းပညာ၊ အတွေ့အကြုံ၊ ဗဟုသုတများဖြင့်သာ လေ့လာရ၍ မပြည့်စုံသည်များ ရှိနိုင်ပါသည်ဟု ဆွေးနွေးချက်များအရ "သဘာဝပတ်ဝန်းကျင် ဥပဒေ" ဖြစ်ပေါ်လာရေးတင်ပြဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ သို့မှသာ သဘာဝပတ်ဝန်းကျင် လေ့လာဆန်းစစ်မှုနှင့် ပတ်သက်၍ "စံ"တစ်ခု ရရှိစေမည်ဖြစ်ပါကြောင်း။

ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ဖြစ်ပေါ်နေမှုများနှင့်ပတ်သက်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြစ်ကြောင်းထိန်းသိမ်းရေးများကို ပြည်သူများ၊ အဖွဲ့အစည်းများပါဝင်လျက် နိုင်ငံတော်၏ အစီအစဉ်ဖြင့် အမျိုးသားအဆင့် စီမံချက်ချမှတ်၍ ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် လိုအပ်လျှင် ဥပဒေတစ်ရပ် စီစဉ်ထုတ်ပြန်သင့်ကြောင်း ဆွေးနွေးချက်ကို အကောင်အထည်ဖော်နိုင်ရန် ညှိနှိုင်းတင်ပြ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊

ဧရာဝတီမြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်ပြီး မြစ်ကြောင်းမပျက်စီးစေရန်အတွက် မြစ်ကြောင်းအတွင်း ရွှေသတ္တုတူးဖော်ခြင်းနှင့် ပတ်သက်ပြီး သတ္တုတွင်းဝန်ကြီးဌာနမှ ထိန်းချုပ်ဆောင်ရွက်သွားမည်ဖြစ်ပြီး လက်ရှိ တူးဖော်ခွင့်ပေးထားသော လုပ်ကွက်များကိုလည်း ခွင့်ပြုသက်တမ်းကုန်ဆုံးပါက ဆက်လက်ခွင့်ပြုတော့မည်မဟုတ်ဟု သိရှိရပါကြောင်း။

စီမံကိန်းကြောင့် အထက်ပိုင်း ရေဝပ်ဧရိယာတွင် ပတ်ဝန်းကျင်ပြောင်းလဲမှုကြောင့် သက်ရောက်မှုများအတွက် လုပ်ဆောင်ပေးရမည့်ကိစ္စရပ်များကို စီမံကိန်း လုပ်ဆောင်သည့် ကုမ္ပဏီမှ လုပ်ဆောင်ပေးသကဲ့သို့ စီမံကိန်းအောက်ပိုင်း မြစ်ကြောင်းတစ်လျှောက်တွင် စီမံကိန်းကြောင့်ဖြစ်ပေါ်လာသော သက်ရောက်မှုများကိုလည်း စီမံကိန်းကုမ္ပဏီက လုပ်ဆောင်ပေးရမည် ဖြစ်ပါကြောင်း၊စာချုပ်တွင်လည်း ပတ်ဝန်းကျင်သက်ရောက်မှုများအတွက်လုံလောက်သော ဆောင်ရွက်ပေးမှုများလုပ်ပေးရမည်ဆိုသည့် အချက်ပါပြီးဖြစ်ပါကြောင်း။

တိုးချဲ့လေ့လာရန်လို

Clean Development Mechanism (CDM) အရ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်သည့် လုပ်ငန်းများသည် ကမ္ဘာကြီးပူနွေးလာမှုနှင့် ကာဗွန်ထုတ်လုပ်မှုကို လျှော့ချပေးနိုင်ပြီး စီးပွားရေးအရလည်း အကျိုးအမြတ်ရှိသော လုပ်ငန်းဖြစ်သဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အမျိုးမျိုး ထုတ်လုပ်မှုကို အားပေးရန်နှင့် အကျိုးအမြတ်ရရှိမှုအပေါ်မှာလည်း တိုးချဲ့လေ့လာသွားရန် လိုအပ်ပါကြောင်း။

CPI ကုမ္ပဏီ၏ တင်ပြချက်အရ မြစ်ဆုံစီမံကိန်းသည် ဘေးအန္တရာယ်အဖြစ် နှစ်ပေါင်း ၁၀၀၀၀တွင် အဆိုးရွားဆုံးဖြစ်ပေါ်နိုင်သော ရေကြီးမှု (Flood)ကို အခြေခံ၍ ဒဏ်ခံနိုင်သည့် ရေအားအဆောက်အအုံများ၊ ငလျင်ဒဏ် ရစ်ချ်တာစကေး(၈)အထိ ခံနိုင်ရည်ရှိသော ရေအားအဆောက်အအုံများကို စနစ်တကျ တိုင်းတာတွက်ချက်၍ ဒီဇိုင်းထုတ်ပြီး တည်ဆောက်မည်ဆိုသော ကုမ္ပဏီ၏တင်ပြချက်၊ အာမခံချက်ကို မှတ်တမ်းတင်ထားပြီး စီမံကိန်းလုပ်ဆောင်နေစဉ်တွင်လည်း အရည်အသွေးထိန်းသိမ်းရေးနှင့် ပတ်သက်၍ မပြတ်စစ်ဆေးသွားမည်ဖြစ်ပါကြောင်း၊ ဧရာဝတီစီမံကိန်းများသည် ကြီးမား

ကောင်းကျော်စေ ကုမ္ပဏီဥက္ကဋ္ဌ ဦးထွန်းနိုင်အောင်က "How CDM Projects Enhance in Developing Myanmar" စာတမ်းကို ဖတ်ကြားဆွေးနွေးစဉ်။(သတင်းစဉ်)

Biodiversity and Nature Conservation Association (BANCA)ဥက္ကဋ္ဌ ဒေါက်တာထင်လှက "သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှု" စာတမ်းကို ဖတ်ကြားဆွေးနွေးစဉ်။ (သတင်းစဉ်)

သော စီမံကိန်းများဖြစ်သည့်အတွက် နည်းပညာအရ ခိုင်မာမှု၊ သေချာမှု ရှိ/မရှိကို သက်ဆိုင်ရာဝန်ကြီးဌာနမပါဘဲ နိုင်ငံတော်အစိုးရက ဖွဲ့စည်းပေးသော အင်ဂျင်နီယာပညာရှင်များဖြင့် အချိန်ယူစစ်ဆေးသင့်ပါသည်ဆိုသော ဆွေးနွေးချက်ကိုလည်း အလေးထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ဧရာဝတီရေအားလျှပ်စစ်စီမံကိန်းများသည် နိုင်ငံတော်လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေးနှင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်သင့်သော စီမံကိန်းများဖြစ်သော်လည်း မြစ်ဆုံစီမံကိန်းနှင့်ပတ်သက်၍ သဘာဝပတ်ဝန်းကျင် သက်ရောက်မှုနှင့်ဘေးအန္တရာယ်ရှိမှုသည် အပြောများလာသော ကိစ္စဖြစ်နေ၍ **မြစ်ဆုံ စီမံကိန်းကို ပတ်ဝန်းကျင်ထိခိုက်မှုရှိလျှင်လည်း ထိခိုက်မှုအနည်းဆုံးဖြစ်အောင်၊ အန္တရာယ်ရှိမှုနှင့်ပတ်သက်၍ လုံးဝအန္တရာယ်မရှိပါဟု အာမခံနိုင်သော အဆင့်ဖြစ်သွားအောင်၊** ဥပမာ တမံတည်ဆောက်မှုပုံစံကို ပြောင်းလဲတည်ဆောက်ခြင်း၊ တမံအမြင့်ကိုနှိမ့်ချ၍ ရေသိုလှောင်မှုလျှော့ချလျက် တည်ဆောက်ခြင်း၊ တမံနေရာကို ပြောင်းရွှေ့ပြီး အထက်ဘက်၌ နေရာရွေး၍ တည်ဆောက်ခြင်း စသည်တို့ဖြင့် နည်းလမ်းပြောင်းလဲ စဉ်းစားသင့်ကြောင်းနှင့် ဒီဇိုင်းကိစ္စပြန်လည်ဆန်းစစ်လေ့လာခြင်း၊ ပတ်ဝန်းကျင်ကိစ္စ ဆန်းစစ်လေ့လာခြင်းပြုလုပ်နေချိန်တွင် စီမံကိန်းများကို ရပ်ဆိုင်းထားခြင်းမပြုဘဲ မြစ်၏အထက်ဘက် မူလလျာထားသော စီမံကိန်းဖြစ်သည့် ချီဖွေစီမံကိန်းကို ဦးစွာစတင်လုပ်ဆောင်လျှင် ရ မရ စဉ်းစား အကောင်အထည်ဖော်သင့်ကြောင်း အကြံပြုချက်သည် လျော်ကန်သင့်မြတ်သော အကြံပြုချက် ဖြစ်ပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ "ပတ်ဝန်းကျင်အစီရင်ခံစာ"အပေါ် သုံးသပ်ချက်၊ ဆောင်ရွက်ချက်များနှင့် မြစ်ဆုံရေအားလျှပ်စစ် အဆောက်အအုံများ နည်းပညာအရ ခိုင်မာမှုရှိ၊ မရှိ စိစစ်ရန် နိုင်ငံတော်အစိုးရက ဖွဲ့စည်းပေးမည့် အင်ဂျင်နီယာပညာရှင်များ အဖွဲ့၏ စိစစ်သုံးသပ်အကြံချက်များအပေါ် မူတည်၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကို ၂၀၀၆ ခုနှစ်တွင် စတင် ဖွဲ့စည်း တာဝန်ပေးအပ်ပြီးနောက် နိုင်ငံတော်၌ အချိန်တိုအတွင်း လျှပ်စစ်ဓာတ်အား တိုးတက်ရရှိစေရန် မူဝါဒ၊ ရည်ရွယ်ချက်တို့ဖြင့် လျှပ်စစ်စီမံကိန်းများကို ပြည်တွင်းလုပ်ငန်းရှင်များသို့ လုပ်ကိုင်ခွင့်ပြုခြင်း၊ ပြည်ပနိုင်ငံများမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ခွင့်ပြုခြင်းတို့ဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာမှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရှေ့နေချုပ်ရုံးတို့၏စိစစ်အတည်ပြုချက်၊ အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုကြောင်း ဆုံးဖြတ်ချက်တို့ဖြင့် ဥပဒေနှင့်အညီ လုပ်ဆောင်လျက်ရှိပါကြောင်း၊ ထို့ကြောင့်လည်း ဝန်ကြီးဌာနအသစ်ဖွဲ့စည်းပြီး ငါးနှစ်အတွင်း ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုဖြင့်ဆောင်ရွက်သော ရေအားလျှပ်စစ်စီမံကိန်းများ အများအပြားပေါ်ပေါက်လာခြင်းဖြစ်ပါကြောင်း၊ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များကိုလည်း ရေအားလျှပ်စစ်စီမံကိန်းများ လုပ်ကိုင်ခွင့်ပြုနေသည့်အတွက် ရင်းနှီးမြှုပ်နှံ အကောင်အထည်ဖော်ကြရန် ဖိတ်ခေါ်ပါကြောင်း။

တိုးတက်သုံးစွဲနိုင်

နိုင်ငံတော်တွင် ယနေ့ လျှပ်စစ်စက်တပ်ဆင်အား (၃၃၆၀)မဂ္ဂါဝပ် ရှိပြီး လိုင်း၏ ခံနိုင်ရည်အရနှင့် လိုအပ်ချက်အရ မဂ္ဂါဝပ်(၁၅၀၀)ကျော် ထုတ်လုပ်ပေးလျက် ရှိပါကြောင်း၊ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား သုံးစွဲမှု ၁၀ ရာခိုင်နှုန်း ခန့် တိုးတက်လိုအပ်နေမည်ဟု မျှော်မှန်းထားပါကြောင်း၊ လျှပ်စစ်ဓာတ်အားလိုင်းများ သွယ်တန်းပြီးစီးမှု၊ လျှပ်စစ်ဓာတ်အား ဖြန့်ဝေမှုစနစ် တိုးတက်ပြုပြင်မှုများ ပြီးစီးလာသည်နှင့်အမျှ လျှပ်စစ်ဓာတ်အားကို ပိုမို တိုးတက်ဖြန့်ဝေ သုံးစွဲနိုင်မည်ဖြစ်ပါကြောင်း၊

ဓာတ်အားလိုင်းများ တည်ဆောက်မှုသည်လည်း ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ဆောင်ရွက်ရသည့်အပြင် တည်ဆောက်မှုအတွက်လည်း အချိန်များစွာ လိုအပ်ပါကြောင်း၊ မိမိတို့ အစိုးရ (၅)နှစ်သက်တမ်းအတွင်း ရွှေကျင်၊ ကွန်း၊ ဖြူး၊ သောက်ရေခပ်(၂)၊ နန်ချို၊ အထက်ပေါင်းလောင်း၊ ဘီလူးချောင်း(၃)၊ အထက်ဘီလူးချောင်း၊ ချီဖွေငယ် စီမံကိန်း (၉)ခု ပြီးစီးနိုင်ပြီး (၆၅၅) မဂ္ဂါဝပ် တိုးတက်ရရှိမည်ဖြစ်သည်ကို အသိပေးလိုပါကြောင်း၊ ဘဏ္ဍာငွေ ခွဲဝေရရှိမှုအပေါ် မူတည်၍ စီမံကိန်းများပြီးစီးခြင်း၊ ဓာတ်အားလိုင်းများ သွယ်တန်းပြီးစီးခြင်း၊ ဓာတ်အားဖြန့်ဖြူးမှုစနစ် တည်ဆောက်ပြီးစီးခြင်းတို့အပေါ် မူတည်၍ ပြည်သူများ ဓာတ်အားပိုမို တိုးတက်သုံးစွဲနိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်နှင့် ပြည်သူအတွက် ရေရှည်အကျိုးရှိမည့် လျှပ်စစ်စီမံကိန်းများကို မူဝါဒနှင့်အဆုံးအဖြတ်များ ချမှတ်၍ ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ ဝန်ကြီးဌာနကလည်း နိုင်ငံတော်အစိုးရ၏ တာဝန်ပေးအပ်မှုအရ ၎င်းစီမံကိန်းဆိုင်ရာလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၏ မူဝါဒ၊ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အတိုင်း ဥပဒေများနှင့်အညီ နာခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရပါကြောင်း၊ ယခုလည်း ဝန်ကြီးဌာနမှ ၎င်းအတိုင်းပင် နာခံဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ ပြည်သူက ရွေးချယ်ထားသော ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် လွှတ်တော်အသီးသီး ပေါ်ပေါက်လာပြီဖြစ်သဖြင့် လွှတ်တော်၏ သဘောထား၊ အဆုံးအဖြတ်၊ အစိုးရအဖွဲ့၏ မူဝါဒ အဆုံးအဖြတ်အတိုင်း ဥပဒေနှင့်အညီ ဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်စီမံကိန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် လွှတ်တော်နှင့် နိုင်ငံတော်အစိုးရ၏ တာဝန်ပေးမှုဖြင့် ပြည်သူအကျိုးရှိစေမည့် လျှပ်စစ်စီမံကိန်းများကို အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၉-၂၀၁၁
(တနင်္ဂနွေနေ့)
နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **လူတွေပြောကြတဲ့ လူ့စကား** တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ)
၆:၄၅ အံ့ဖွယ်တမူ **ဆဒ္ဒန်ဂူ**
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၃၀)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျှင်းပြိုင်** (အပိုင်း-၇၂)
၈:၅၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **အင်္ဂမျက်လုံး အပြုံးမျက်နှာ**
၉:၁၀ **ဝ** တာ တကယ်လှလို့လား ကျန်းမာရေးစကားဝိုင်း (အပိုင်း-၁)
၉:၃၅ Sunday Talk [မောင်လူမွှေး (မြန်မာမှု)၊ မျိုးမြတ်သူ]
၁၀:၀၀ အောင်မြင်မှုတို့ ဖော်ညွှန်းရာ… ချင်းတွင်း College မှာ…
၁၀:၃၀ ဗီဒီယိုပြခန်း
၁၀:၅၀ ဈေးဝယ်လမ်းညွှန် (KMA Electronic & IT Company)
၁၁:၁၅ ရန်ကုန်မြင်ကွင်းကျယ် (Dell Show)
၁၁:၃၅ ပြီးပြည့်စုံသောအလှတရားအတွက် Angel Fitness Center
၁၁:၅၅ မလေးရှားနိုင်ငံမှ Mahkota Medical Center
၁၂:၃၀ အစွမ်းထက်မြက်… မြန်မာ့ဆေးစွမ်းတစ်လက်
၁:၀၀ **လူတွေပြောကြတဲ့ လူ့စကား** တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ နန္ဒမာလာဘိဝံသ)
၂:၀၀ MRTV-4 သတင်း
၂:၂၀ စကားနပန်း **ကြောက်တတ်တာကောင်းတယ်၊ မကြောက်တတ်တာကောင်းတယ်**
၃:၃၀ 2011 The Best Wedding Show
၄:၀၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **မာယာမျှင်းပြိုင်** (အပိုင်း-၇၂)
၄:၅၅ စာရင်းကိုင်များအတွက် အသေးစား၊ အလတ်စားလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲ
၅:၂၀ ပြောင်းလဲလာသော Food Culture နှင့် CP Product များ
၅:၃၀ ဂဏန်းသင်္ချာပျော်စရာ
၆:၀၀ MRTV-4 သတင်း
၆:၂၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၆:၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၃၁)
၇:၃၅ သွားမယ်စားမယ် (Mr Bar BQ)
၈:၀၀ MRTV-4 သတင်း
၈:၃၀ A Journey to the Korea (Part-6)
၈:၄၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၃၉)
၉:၀၅ Kid's Show
၉:၂၅ Barclay Premier League **Man U Vs Chelsea**
၁၁:၃၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **မာယာမျှင်းပြိုင်** (အပိုင်း-၇၃)
၁၂:၂၅ ဟိုတယ်လမ်းညွှန် (Rupar Mandalar)
၁၂:၅၀ အိုမင်းမှုရောဂါများနှင့် Antioxidant
၁:၁၀ လှပချစ်စရာ လက်မှုအနုပညာ (Sweet Pink)
၁:၃၀ ယဉ်တကာ့ယဉ်
၁:၅၀ အများမြင်စရာ နှစ်ပါးသဘင်မဟာ (မြို့ရွှေမန်းသား ဖိုးချစ်တို့ကတဲ့ ဇာတ်အလှသဘင်) (အပိုင်း-၂)
၂:၂၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူ တို့အတူ (ပင်လယ်ရေမှော်စိုက်ပျိုးမွေးမြူရေးလုပ်ငန်း)
၂:၄၅ နယည်ဆန်းထွင်ပန်းအလှဆင် (လက်ဆောင်ပန်းစည်း ထုပ်ပိုးနည်း)
၃:၁၀ ဒေဝီစေခိုင်းသမင်လိုက်ခန်းနှင့် ကျေးလက်ကကွက် လွန်စွဲမက်
၃:၂၀ တိရစ္ဆာန်လေးတွေမွေးကြမယ် (Dog City)
၃:၃၅ **နတ်လူသာဓုခေါ်စေသောဝ်** ခေတ်သစ်ဝိုင်းစုခိုင်သိန်း သတိုးစော (ဒါရိုက်တာ-သော်ကိုကိုကျော်)
၄:၀၀ Celebrity Profile (မန္တလေးသိန်းဇော်)
၄:၃၀ တန်ခိုးထွတ်ခေါင် ရွှေနတ်တောင်

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၅၅	Spurs-Liverpool	ESPN (Live)
၈:၂၅	Fulham -Manchester City	Star Sports (Live)
၉:၂၅	Manchester United Vs Chelsea	ESPN,(MRTV-4) (Live)

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင် ကြံခင်းမြို့နယ် ပိုးစုကြီးကျေးရွာ၌ လယ်မြေများ ဖြုတ်ပိုးကျရောက်မှုအား ဆေးဖျန်းကာကွယ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြံခင်း၊ မြန်အောင်နှင့် အင်္ဂပူမြို့နယ်များ ဖွံ့ဖြိုးရေးလုပ်ငန်း ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် စက်တင်ဘာ ၁၄ ရက် နံနက် ၁၁ နာရီခွဲတွင် ကြံခင်းမြို့နယ် ပိုးစုကြီးကျေးရွာ ကွင်းအမှတ်(၁၁၉)သို့ ရောက်ရှိပြီး လယ်မြေများဖြုတ်ပိုးကျရောက်နေမှုကြောင့် ဆေးဖျန်းကာကွယ်နေမှုကို လည်းကောင်း၊ ကြာအင်းကျေးရွာ ကွင်းအမှတ်(၁၁၀)၌ ဓာတ်စုံမြေဩဇာ စုပေါင်းကြဲပက်ပွဲကိုလည်းကောင်း၊ ဘက်ရဲ ကျေးရွာ ကွင်းအမှတ်(၅၉)၌ လယ်မြေများ ဖြုတ်ပိုးကျရောက်နေမှုကြောင့် ဆေးဖျန်းကာကွယ်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

အလေးထားဆောင်ရွက်

ထို့နောက် မွန်းလွဲပိုင်းတွင် ကြံခင်းမြို့ ဧရာဦးခန်းမ၌ ကျင်းပသော မြို့နယ်၊ ရပ်ကွက်/ကျေးရွာ စိုက်တိုးမြှင့်အဖွဲ့များနှင့် စံပြတောင်သူများ တွေ့ဆုံပွဲ အခမ်းအနားသို့တက်ရောက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း မြို့နယ်အချို့ရှိ လယ်မြေများတွင် ဖြုတ်ပိုးကျရောက်ကြောင်း ကြားသိရပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တာဝန်ရှိသူများက အချိန်မီ အသိပညာပေးစည်းရုံး နှိမ်နင်းနိုင်မှုကြောင့် ထိခိုက်ဆုံးရှုံးမှု အနည်းငယ်သာရှိခဲ့သဖြင့် တာဝန်ရှိပုဂ္ဂိုလ်များအား ကျေးဇူးတင်ရှိပါကြောင်း၊ ဖြုတ်ပိုးမကျရောက်သေးသော ဒေသရှိ တောင်သူလယ်သမားများကိုလည်း အသိပညာပေးစေလိုကြောင်း၊ တောင်သူလယ်သမားများအနေဖြင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ပြသထားသော သိပ္ပံနည်းကျစိုက်နည်းစနစ်များကို အလေးထားဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ညနေ ၄ နာရီတွင် ကြံခင်းမြို့ မြို့နယ်သာသနာ့ ဗိမာန်တော်သို့ ရောက်ရှိပြီး အလှူငွေကျပ် သိန်း ၂၀ လှူဒါန်းကာ မြန်အောင်မြို့ အမှတ်(၅)ရပ်ကွက် အသေးစား ပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့သည်။ ဆက်လက်၍ မြန်အောင်မြို့ရှိ မင်္ဂလာရွှေကျောင်းတော်ကြီးသို့ ဝင်ရောက် ဖူးမြော်ကြည်ညိုပြီး စွယ်တော်တိုက် ဆောက်လုပ်နေမှုကို ကြည့်ရှုကာ စွယ်တော်တိုက်အတွက် အလှူငွေကျပ် ၁၀ သိန်း၊ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် အလှူငွေကျပ် ငါးသိန်းနှင့် သစ်သုံးတန်တို့ကိုလှူဒါန်း၍ ဆန်နီချောင် ဘူတာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

တွေ့ဆုံ

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်သည် စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ထူးကြီးမြို့ တစ်တီတူးကျေးရွာအုပ်စုရှိ ပေါက်ချောင်းချောင်းရေကြီးမြင့်နေမှုကို ချောင်းရိုးအတိုင်းရေယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး ညောင်ရှာကျေးရွာ ရှင်းလင်းဆောင်၌ ဒေသခံတောင်သူများနှင့် လည်းကောင်း၊ မွန်းလွဲပိုင်းတွင် အင်္ဂပူမြို့ သစ်တောရိပ်သာ ရှင်းလင်းဆောင်၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် လည်းကောင်း တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချင်းပြည်နယ်လူမှုရေးဝန်ကြီး ဌာနဆိုင်ရာရုံးများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၇

ချင်းပြည်နယ် လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာဘမောင်သည် စက်တင်ဘာ ၁၃ ရက် နံနက် ၁၁ နာရီတွင် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ကွန်ပျူတာခန်းနှင့် ရုံးစာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးပြီး စာဖတ်ပရိသတ်များ စာဖတ်လိုစိတ်ရှိအောင်စည်းရုံးရန်နှင့် မြေစိုက်နံရံကပ်ပြဘုတ်ကို အနည်းဆုံးနှစ်ပတ်တစ်ကြိမ်လဲလှယ်ရန် မှာကြားခဲ့သည်။

ကြည့်ရှုစစ်ဆေး

အလားတူ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန၊ ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနရုံးများကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မြောက်ပိုင်းဒေသများ၌ ထစ်ချုန်းမည့် အခြေအနေ ဆက်လက်ဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၁၇

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကရင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

နေပြည်တော်နှင့်ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ပင်ကျပ်နုတ်ခြင်းဖြင့် အောင်မြင်ဖြစ်ထွန်းစေမည့် မြန်မာ့အဖိုးတန်ရတနာများ(၁)

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ – မောင်မောင်(ကျောက်တန်း)

နေပြည်တော် စက်တင်ဘာ ၁၇

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနက တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ပုဂ္ဂလိက သစ်တောစိုက်ခင်းများ အနက် ပေါက်ခေါင်းမြို့နယ်နှင့် ကြံခင်းမြို့နယ်ရှိ ကျွန်းစိုက်ခင်းများ ပင်ကျပ်နုတ်လုပ်ငန်း ဆောင်ရွက်မှု အဆင့်ဆင့်ကို သတင်းဆောင်းပါး ရေးသားရန် အဆိုပါ ကျွန်းစိုက်ခင်းများသို့ ခြေဆန့်ခဲ့သည်။

လမ်းတစ်လျှောက်ရှိ လယ်ကွင်းစိမ်းစိမ်းကလေးများကို ကြည့်ရင်း ပေါက်ခေါင်းမြို့ရှိ ကျွန်းသစ်တောကြီးကိုလည်း အတွေးထဲ၌ မြင်ယောင်မိသည်။

သစ်ပင်များသည် ကာဗွန်ဒိုင်အောက်ဆိုက်ကိုစုပ်ယူ၍ အောက်ဆီဂျင်ကို ထုတ်လွှတ်ကြသဖြင့် လေထုကိုသန့်စင်စေသည်။ ရွက်ကြွေများကလည်း ကမ္ဘာမြေ၏ မြေဆီဩဇာကို တိုးပွားစေသည်။ သစ်ပင်များ၏ အရိပ်အာဝါသသည် အပူဒဏ်ကို ကာကွယ်ပေးပြီး ပတ်ဝန်းကျင်ကို အေးမြစေသည်။ သစ်တောသစ်ပင်များသည် သဘာဝပတ်ဝန်းကျင်ကို သဟဇာတဖြစ်အောင် ထိန်းညှိပေးထားသည်။

သစ်၊ မျောတိုင်၊ ထင်းများအဆမတန်ခုတ်ခြင်းကြောင့် တောများပျက်စီးကာ ရာသီဥတုများပြောင်းလဲဖောက်ပြန်လာခြင်း၊ မြေဆီလွှာဆုံးရှုံးပျက်စီး၍ သီးနှံအထွက်နှုန်းများကျဆင်းခြင်း၊ စားကျက်မြေများပျက်စီးခြင်းစသော ဆိုးကျိုးများကို ကမ္ဘာ့လူသားများ ခံစားရလျက်ရှိသည်။

ကျွန်းပင်ကျပ်နုတ်ခြင်းလုပ်ငန်းအဆင့်ဆင့်ကို လက်တွေ့ကွင်းဆင်း ဆောင်ရွက်နေကြစဉ်။

မြန်မာနိုင်ငံတွင် သစ်တောများက နိုင်ငံ၏ ၅၀ ရာခိုင်နှုန်းခန့်ကို ဖုံးအုပ်လျက်ရှိသည်။ သစ်တောကြီးများအတွင်း၌ ကျွန်း၊ ပျဉ်းကတိုးအပါအဝင် အခြားသစ်အမျိုးမျိုး အများအပြား ပေါက်ရောက်ရှင်သန်လျက်ရှိသည်။ ယင်းသစ်များတွင် မြန်မာ့ကျွန်းသစ်သည် ကမ္ဘာတွင် အလွန်ကျော်ကြားပြီး တန်ဖိုးကြီးသည့် သစ်အမျိုးအစားဖြစ်သည်။ ကမ္ဘာပေါ်၌ကျွန်းပင်သည် မြန်မာနိုင်ငံအပါအဝင် အိန္ဒိယ၊ ထိုင်းနှင့် လာအိုနိုင်ငံများတွင်သာ ပေါက်ရောက် ရှင်သန်ကြသည်။

အင်္ဂလိပ် ကိုလိုနီခေတ်တွင် သစ်တောစိုက်ခင်းများကို တည်ထောင်ခဲ့ရာ ဂျာမန်ရုက္ခဗေဒ ပါရဂူဘွဲ့ရ ဒေါက်တာဘရန်းဒစ်ကိုင်ဘားရမ်း၏ မြန်မာနိုင်ငံ၏ ပထမဆုံး ကျွန်းစိုက်ခင်း ၁၄ ဧကကို ၁၈၅၆ ခုနှစ်တွင် အတ္တရံသစ်တောနယ်၌ စိုက်ပျိုးတည်ထောင်ခဲ့သည်။ ယင်းစိုက်ခင်းသည် ယခုအခါ ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် သင်္ကန်းညီနောင်ကြိုးဝိုင်း အကွက်အမှတ် (၈၇) တွင် တည်ရှိကြောင်း သိရှိရသည်။

သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုများအကြောင်း၊ မြန်မာ့ကျွန်းသစ်အကြောင်းများကို အတွေးဝင်မိရာ ပေါက်ခေါင်းမြို့နယ် တောင်နဝင်းကြိုးဝိုင်းသစ်တောသို့ ရောက်တော့မှ အတွေးများ ပြတ်သွားခဲ့သည်။ ပဲခူးရိုးမဖြတ်လမ်း (BAGO YOMA CROSSING) မုခ်ဦးနှင့် သစ်တောဦးစီးဌာနက တာဝန်ယူစိုက်ပျိုးထားသည့် တောင်နဝင်း ကြိုးဝိုင်းသစ်တောသစ်စေ့ထုတ်ဧရိယာ၌ ကျွန်းပင်ကြီးများ အထူးအောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကို တွေ့ရရာ အတွေးများရပ်၍ ဓာတ်ပုံမှတ်တမ်းတင်ခဲ့သည်။ "သစ်တောဝန်ထမ်းများသည် ကျွန်းပင်ကြီးများကိုမြင်လျှင် မိမိ၏ ငယ်ရည်းစားကို တွေ့ရသကဲ့သို့ စိတ်တွင်ခံစားရ၏" ဆိုသည့်စာသားများကို သတိရမိပြီး မိမိရင်ထဲ၌လည်း ကြည်နူးမှုဖြစ်နေသည်ကို သတိထားမိကာ တစ်ယောက်တည်း ကျိတ်ပြုံးမိသည်။ တောင်နဝင်း ကြိုးဝိုင်းသစ်တော အတွင်းရှိ ဖြိုးစည်သူပုဂ္ဂလိက ကျွန်းစိုက်ခင်း စခန်း၌ ကျွန်းပင်များ ဖြစ်ထွန်းပေါက်ရောက်နေမှုများ ကိုလည်း ဓာတ်ပုံမှတ်တမ်းတင်နေမိသည်။

နောက်တစ်နေ့ နံနက်တွင် ဖြိုးစည်သူပုဂ္ဂလိက ကျွန်းစိုက်ခင်း စခန်း၌ သစ်တောသုတေသနဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်က ပေါက်ခေါင်းမြို့နယ် သစ်တောဦးစီးဌာန ဝန်ထမ်းများနှင့် ဖြိုးစည်သူပုဂ္ဂလိက ကျွန်းစိုက်ခင်း ဝန်ထမ်းများအား ကျွန်းပင်ကျပ်နုတ်ခြင်းနှင့်ပတ်သက်၍ သင်တန်းပို့ချပေးခဲ့ပြီး သစ်တောအတွင်း၌ ကျွန်းပင်ကျပ်နုတ်ခြင်းအဆင့်ဆင့်ကို သင်တန်းသားများနှင့်အတူ လက်တွေ့ကွင်းဆင်းလုပ်ဆောင်ကြသည်။

ကျွန်းပင်ကျပ်နုတ်ခြင်းနှင့်ပတ်သက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်က ပင်ကျပ်နုတ်ခြင်းလုပ်ငန်းသည် အရည်အသွေးကောင်း သစ်များရရှိရန် ရည်ရွယ်ခြင်းဖြစ်၍ အရေးကြီးသည့်လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ စိုက်ပျိုးထားသည့် အပင်များအနက်မှ မသန်စွမ်းသော (အနာဂတ်တွင် အရည်အသွေး မကောင်းနိုင်သော)အပင်များကို ဖယ်ရှား၍ ကျန်အပင်များအတွက် ကြီးထွားရန်နေရာ၊ မြေဩဇာနှင့် အလင်းရောင် ပိုမိုရရှိစေရန် ဆောင်ရွက်ခြင်း ဖြစ်ကြောင်းရှင်းပြသည်။

သစ်တောဦးစီးဌာန သစ်တောသုတေသနဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်က ကျွန်းပင်ကျပ်နုတ်ခြင်းအကြောင်း ရှင်းလင်းပြောကြားစဉ်။

ပင်ကျပ်နုတ်ခြင်း လုပ်ငန်း မဆောင်ရွက်ပါက အပင်အများစု၏ ကြီးထွားနှုန်း ပုံမှန်မရရှိနိုင်ခြင်း၊ အပင်များရွက်အုပ်ထူထပ်စွာ ပေါက်ရောက်နေပါက အောက်ပေါင်းနှင့် ဝါးများ မပေါက်ရောက်နိုင်ခြင်းကြောင့် မြေဆီလွှာထိန်းသိမ်းရန် ခက်ခဲခြင်း၊ မြေတိုက်စားခြင်းကြောင့် မြေဆီဩဇာများ ဆုံးရှုံးခြင်းတို့နှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်းကိုလည်း ရှင်းပြသည်။

မြန်မာနိုင်ငံတွင် ပင်ကျပ်နုတ်နည်း နှစ်မျိုးကိုသာ အသုံးပြုပါသည်။ ပထမနည်းမှာ ပုံသေစနစ်ဖြင့် ပင်ကျပ်နုတ်ခြင်း (Mechanical Thinning) ဖြစ်သည်။



ပင်ကျပ်နုတ်ခြင်းကြောင့် ရရှိလာသော ကျွန်းပင်ကျပ်တိုင်များကို ဈေးကွက်ဝင်ပစ္စည်းများဖြစ်အောင် နည်းပညာရပ်ဖြင့် ဖန်တီးပြုပြင်ထားစဉ်။

ပုံသေစနစ်ဖြင့် ပင်ကျပ်နုတ်ရာတွင် စိုက်ခင်းအတွင်း တစ်ပင်ကျော် တစ်ပင်ခြား သို့မဟုတ် တစ်လိုင်းခြား၍ ပင်ကျပ်နုတ်သည့် နည်းဖြစ်သည်။ **ဥပမာ။ ။စိုက်ခင်း၏ အပင်အရေအတွက် ၅၀ ရာခိုင်နှုန်း ခုတ်လှဲ၍ ၅၀ ရာခိုင်နှုန်း ချန်ထားသည့် နည်းဖြစ်သည်။** ဤနည်းကို ရွက်အုပ် အတန်းအစား ခွဲခြား သတ်မှတ်ရန် ပိပြင်ခြင်းမရှိသော သက်နုစိုက်ခင်းများတွင် ဆောင်ရွက်ရသည်။ ဤနည်းဖြင့် ပင်ကျပ်နုတ်ရာတွင် အပင်ကောင်းများကို ချန်မိတတ်သဖြင့် ပထမဆုံး ပင်ကျပ်နုတ်ရာတွင် အပင်ကောင်းများကို မခုတ်မိစေရန် စနစ်တကျပြုလုပ်ရကြောင်းလည်း ဦးဝင်းမြင့်က ရှင်းပြသည်။

ဒုတိယနည်းမှာ သစ်တောစိုက်ပျိုးပြုစုနည်းဖြင့် ပင်ကျပ်နုတ်ခြင်း (Silvicultural Thinning) ဖြစ်သည်။

ဤနည်းသည် အပင်များ၏ ရွက်အုပ်များရှင်သန်ကြီးထွားမှုကို အတန်းအစား ခွဲခြားသတ်မှတ်၍ ပင်ကျပ်နုတ်နည်းဖြစ်သည်။ မြန်မာနိုင်ငံတွင် သာမန်သစ်တောစိုက်ပျိုးပြုစုနည်းစနစ်ဖြင့်သာ ပင်ကျပ်နုတ်သည်။ သာမန်ပင်ကျပ်နုတ်နည်းတွင် သေးငယ်သည့် ရွက်အုပ်လတ်နှင့် လောင်းမိပင်များကို ခုတ်လှဲ ပင်ကျပ်နုတ်လေ့ရှိသည်။ဤပင်ကျပ်နုတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်မည်ဆိုပါက အပင်များ၏ အဆင့်များကို ခွဲခြားသိရှိရန်လိုအပ်ကြောင်း သိရှိရသည်။

တစ်ချိန်က ဒေါက်တာဘရန်းဒစ်သည် သစ်တောများအတွင်း မြေတိုင်းမြေပုံ မရှိသေး၍ မြေပုံကြမ်းရေးဆွဲကာ တောနင်းစစ်ဆေး စာရင်းကောက်ယူခဲ့သည်။ ထို့နောက် အဆိုပါစာရင်းများကို အခြေပြု၍ ကျွန်းပင်မပြုန်းတီးစေရန် အရွယ်ရောက်သော အပင်များကိုသာ ထုတ်ယူသောစနစ်ကို ကျင့်သုံးခဲ့ရာ ထိုစနစ်သည် မြန်မာ့ရွေးချယ်ခြင်းစနစ် (BURMA SELECTION SYSTEM) ဟု ကမ္ဘာတွင် ထင်ပေါ်ကျော်ကြားလာခဲ့ကြောင်းကိုလည်း ပြန်လည်အမှတ်ရမိသည်။ ပင်ကျပ်နုတ်ခြင်းသည် မြန်မာ့အဖိုးတန် ကျွန်းသစ်ရတနာများ အတွက် အောင်မြင်ဖြစ်ထွန်းစေမည် မှာကားသေချာပေသည်။ ။



ပေါက်ခေါင်းမြို့နယ် တောင်နဝင်း ကြိုးဝိုင်းသစ်တောအတွင်း ဖြိုးစည်သူ ပုဂ္ဂလိကကျွန်းစိုက်ခင်း၏ အောင်မြင် ဖြစ်ထွန်းလျက်ရှိသော ကျွန်းပင်များကို တွေ့ရစဉ်။

သစ်တောကဏ္ဍနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး

မောင်သစ်တော

သစ်တောကဏ္ဍသည် ဝိဇ္ဇာနှင့်သိပ္ပံပညာရပ်များပါဝင်သောနည်းပညာဆိုင်ရာ စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပြီး လူ့ဘောင်အဖွဲ့အစည်းအတွက် စားဝတ်နေရေးလိုအပ်ချက်များနှင့် ဝန်ဆောင်မှုမျိုးစုံကို စဉ်ဆက်မပြတ်ထုတ်လုပ်ပေးရန်အတွက် သစ်တောမြေများအား စီမံအုပ်ချုပ်ရသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ကာ ပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းကာကွယ်ရေးတို့အတွက် အလွန်အရေးပါပြီး လူမှုဘဝတည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်လုံခြုံရေးအတွက် အထောက်အကူပြုနေသော ပညာရပ်ဆိုင်ရာကဏ္ဍတစ်ခုဖြစ်ပါသည်။

ကမ္ဘာကြီး၏ သဘာဝပတ်ဝန်းကျင်အခြေအနေများ ပျက်စီးယိုယွင်းလာခြင်းကြောင့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ ဖန်လုံအိမ်အာနိသင်သက်ရောက်မှုဖြစ်စဉ်၏ ၂၀ ရာခိုင်နှုန်းသည် သစ်တောသစ်ပင်များ ပျက်စီးပြုန်းတီးခြင်းကြောင့် ဖြစ်ပါသည်။ သစ်တောများပျက်စီးဆုံးရှုံးခြင်းသည် သစ်နှင့်သစ်တောထွက်ပစ္စည်းများ ထုတ်ယူသုံးစွဲမှုတစ်ခုတည်းကြောင့်မဟုတ်ဘဲ လူဦးရေတိုးပွားလာမှုကြောင့် မြို့ရွာများ၊ စိုက်ပျိုးမြေများ ချဲ့ထွင်ခြင်း၊ ဆည်မြောင်း၊ တာတမံများ တည်ဆောက်ခြင်း၊ စက်ရုံအလုပ်ရုံနှင့် စက်မှုဇုန်များ ဆောက်လုပ်ခြင်း၊ သစ်တောများကို ခုတ်ထွင်ရှင်းလင်းပြီး အခြားမြေအသုံးချမှုအဖြစ်ပြောင်းလဲခြင်း၊ ရေနံ၊ ရွှေ၊ ကျောက်မျက်ရတနာနှင့် အခြားဓာတ်သတ္တုများ တူးဖော်ခြင်းတို့ကြောင့် သဘာဝသစ်တောဧရိယာများ လျော့နည်းလာခြင်းဖြစ်ပါသည်။ အပူပိုင်းသစ်တောများတွင် အဖြစ်များသည်ဟု ဆိုသော်လည်း မြန်မာနိုင်ငံတွင် ပေါက်ရောက်သည့် သစ်တောအမျိုးအစားများအနေဖြင့် အမြဲစိမ်းသစ်တော (Evergreen forest) ၄၁ ရာခိုင်နှုန်း၊ ရွက်ပြတ်ရောနှောတော (Mixed deciduous forest) ၃၇ ရာခိုင်နှုန်း၊ ခြောက်သွေ့တော (Dry forest) ၁၀ ရာခိုင်နှုန်း၊ ဒီရေတော (Mangrove forest) လေးရာခိုင်နှုန်း၊ အင်တိုင်းတော (Indaing forest) ငါးရာခိုင်နှုန်းနှင့် ပလပ်မြေ (Fallow Land) သုံးရာခိုင်နှုန်းရှိရာ မြန်မာနိုင်ငံကဲ့သို့သော အပူပိုင်းဒေသနိုင်ငံများတွင် ခြောက်သွေ့သစ်တောဂေဟစနစ် (Dry Forest Ecosystem) ပျက်စီးယိုယွင်းမှသာ သဲကန္တာရအဖြစ် ပြောင်းလဲနိုင်ပါသည်။

မြန်မာနိုင်ငံ၏ ရေ၊ မြေ၊ ရာသီဥတု၊ ပထဝီအနေအထားအရ တောအမျိုးအစားစုံလင်ပြီး ဇီဝမျိုးစုံမျိုးကွဲ များပြားစွာတည်ရှိခြင်းတို့ကြောင့် သစ်တောပြုန်းတီးမှုများ ဖြစ်ပေါ်ခြင်းသည် သဲကန္တာရဖြစ်ပေါ်သည်အထိ ပျက်စီးယိုယွင်းလာနိုင်သည့် အခြေအနေမရှိနိုင်ပါ။ မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်း (UNCCD) တွင် ပါဝင်လက်မှတ်ရေးထိုးထားခဲ့ပြီး ခြောက်သွေ့သစ်တောများ တည်ရှိရာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသ စစ်ကိုင်း၊ မန္တလေး၊ မကွေးတိုင်းဒေသကြီးတို့တွင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများဆောင်ရွက်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ဦးစီးဌာနတစ်ခုဖွဲ့စည်းကာ သစ်တောစိုက်ခင်းများ တည်ထောင်ရေး၊ သဘာဝတောကျန်များ ထိန်းသိမ်းရေး၊ ထင်းအစား အခြားလောင်စာသုံးစွဲရေး၊ ရေရရှိရေး စသည့် အဓိကလုပ်ငန်းများကို အားသွန်ခွန်စိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ UNCCD သို့ နိုင်ငံအဆင့် အမျိုးသားတိုးတက်မှုအစီရင်ခံစာများ နှစ်စဉ်ရေးသားပေးပို့လျက်ရှိပြီး မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင် သစ်တောစိုက်ခင်းများနှင့် သဘာဝသစ်တောဧရိယာများ တိုးပွားလျက်ရှိရာ ယခင်က တောင်ကတုံးအဖြစ် အပင်လုံးဝမပေါက်သော တောင်ကုန်းတောင်တန်းများတွင် တောင်စဉ်တောင်တန်းများ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကြောင့် စိမ်းလန်းစိုပြည်လာပြီး သဲကန္တာရဖြစ်ထွန်းလာမှုမရှိကြောင်းကို အစီရင်ခံစာများတွင် ဖော်ပြထားပါသည်။

မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများအနက် သစ်တောဖုံးလွှမ်းမှုကောင်းမွန်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ မိမိတို့၏ ရှေးယခင်ဘိုးဘွားဘီဘင် အစဉ်အဆက်လက်ထက်ကတည်းက သစ်တောသစ်ပင်ချစ်မြတ်နိုးပြီး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြပါသည်။ မြန်မာနိုင်ငံ၏ သစ်တောသယံဇာတ စီမံအုပ်ချုပ်မှုအပိုင်းသည်လည်း သက်တမ်းအားဖြင့် နှစ်ပေါင်း (၁၅၀)ကျော်ရှိခဲ့ပြီဖြစ်ပါသည်။ ၁၈၅၂ ခုနှစ်တွင် အောက်မြန်မာနိုင်ငံကို ဗြိတိသျှတို့က သိမ်းပိုက်ခဲ့ပြီးနောက် တနင်္သာရီဒေသရှိ သဘာဝကျွန်းတောများပျက်စီးခဲ့ရသည်ကို သင်ခန်းစာယူ၍ သဘာဝသစ်တောများ ရေရှည်တည်တံ့ရေးနှင့် ကျွန်းသစ်များ စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရေးအတွက် စနစ်တကျအုပ်ချုပ်နိုင်ရန် သစ်တောဌာနကို ၁၈၅၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး မြန်မာ့ရွေးချယ်ခုတ်လှဲခြင်းစနစ် (Myanmar Selection System-MSS)ကို စတင်ကျင့်သုံးခဲ့ပါသည်။ တစ်နည်းအားဖြင့်ဆိုရသော် ယနေ့ခေတ်ကာလတွင် လက်ရှိကျင့်သုံးနေသော ထာဝစဉ်တည်တံ့စေသည့် သစ်တောစီမံအုပ်ချုပ်မှုစနစ် (Sustainable Forest Management) သည် လွန်ခဲ့သော နှစ်(၁၅၀)ကျော်ကတည်းက စတင်ခဲ့ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုအခြေအနေကို နှစ်အလိုက် ပြန်လည်လေ့လာပါက ၁၉၇၅ ခုနှစ်တွင် နိုင်ငံဧရိယာ၏ ၆၀ ဒသမ ၈၉ ရာခိုင်နှုန်းရှိပြီး ၁၉၉၀ ခုနှစ်တွင် ၅၇ ဒသမ ၉၆ ရာခိုင်နှုန်း၊ ၂၀၀၀ ပြည့်နှစ်တွင် ၅၁ ဒသမ ၅၄ ရာခိုင်နှုန်း၊ ၂၀၀၅ ခုနှစ်တွင် ၄၉ ဒသမ ၂၅ ရာခိုင်နှုန်း၊ ၂၀၁၀ ခုနှစ်တွင် ၄၆ ဒသမ ၉၆ ရာခိုင်နှုန်းအထိ လျော့နည်းလာခဲ့ပါသည်။ ၂၀၁၀ ခုနှစ်တွင် ရိုက်ကူးထားသော ဂြိုဟ်တုဓာတ်ပုံအထောက်အထားများအရ ကချင်ပြည်နယ်တွင် ထူထပ်သောသစ်တော သို့မဟုတ် ရွက်အုပ်ပိတ်သစ်တော (Closed Forest) ဧက ၁၁၄၆၁၂၀၀၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဧက ၇၆၈၃၆၀၀၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဧက ၅၈၉၈၃၄၀ ရှိကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုအခြေအနေအရ ထူထပ်သည့်သစ်တော သို့မဟုတ် ရွက်အုပ်ပိတ်သစ်တော (Closed Forest)၊ ရွက်အုပ်ပွင့်သစ်တော (Opened Forest)၊ တောနိမ့်တောပျက်၊ ရွှေ့ပြောင်းတောင်ယာ၊ ပလပ်မြေနှင့် အခြားအသုံးချမြေဟူ၍ ခွဲခြားသတ်မှတ်ဖော်ပြရာတွင် သစ်တောကြိုးဝိုင်းများအတွင်း လယ်မြေ၊ ယာမြေနှင့် အခြား ကျူးကျော်မြေဧရိယာသည် နိုင်ငံသစ်တောကြိုးဝိုင်း ဧရိယာ၏ ၄ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပြီး ဧရိယာအများဆုံးမှာ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၄၅၆၂၉၅ ဒသမ ၈ ဧကရှိကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးစုတို့၏ ရိုးရာဓလေ့ထုံးတမ်းစဉ်လာအရ ရွှေ့ပြောင်းတောင်ယာကို စိုက်ပျိုးကြကြောင်း တွေ့ရှိရပါသည်။ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းသည် သဘာဝသစ်တောများပြုန်းတီးခြင်း၊ ရေမြေနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများ ပျက်စီးယိုယွင်းခြင်းတို့ကြောင့် အစိုးရအုပ်ချုပ်မှုအဆက်ဆက်တွင် ရွှေ့ပြောင်းတောင်ယာ ပပျောက်ရေးအတွက် စာရင်းများကောက်ယူခြင်း၊ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများတည်ထောင်ခြင်း၊ သရုပ်ပြစိုက်ပျိုးနည်းစနစ်များ ပညာပေးခြင်း၊ ကွန်တိုကန်သင်းများ ပြုလုပ်ခြင်း၊ သဘာဝမြေသြဇာပြုလုပ်သုံးစွဲခြင်း၊ နည်းစနစ်သင်တန်းများပို့ချခြင်း၊ ပညာပေးဟောပြောပွဲများ ကျင်းပခြင်း၊ သစ်တောသစ်ပင်နှင့် နှစ်ရှည်သီးပင်စားပင်များ ဖြန့်ဝေပေးခြင်း စသည့် လုပ်ငန်းများကို စီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

အပူပိုင်းဒေသ ဖွံ့ဖြိုးဆဲနိုင်ငံအသီးသီးတွင် သစ်တောသယံဇာတများ ထာဝစဉ်တည်တံ့ရေးနှင့် ရေရှည်ထုတ်ယူသုံးစွဲနိုင်ရေးအတွက် အမျိုးသားသစ်တောရေးရာစီမံချက် (National Forestry Plan-NFP)ကို ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်း (National Forestry Master Plan-NFMP)ကို၂၀၀၁-၂၀၀၂ ခုနှစ်မှ ၂၀၃၀-၂၀၃၁ ခုနှစ်အထိ နှစ် ၃၀ ကာလအတွက်ရည်ရွယ်၍ ရေးဆွဲပြဋ္ဌာန်းချမှတ် အကောင်အထည်ဖော်လျက်ရှိပါသည်။ ထို့ပြင် သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှု အဓိကအခြေခံယူနစ် (Forest Management Unit-FMU) ဖြစ်သော သစ်တောခရိုင်များ၏ သစ်တောအုပ်ချုပ် လုပ်ကိုင်မှုစီမံကိန်းများ (District Forest Management Plan) ကို (၁၀)နှစ်တာကာလအလိုက် ရေးဆွဲကာ သစ်တောနယ်မြေများအတွင်း သစ်တောသယံဇာတတည်ရှိမှု၊ လူမှုစီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့်အချက်များအပေါ်အခြေခံပြီး သစ်ထုတ်လုပ်ရေးအလုပ်တိုက်နယ်၊ သစ်တောစိုက်ခင်းများအလုပ်တိုက်နယ်၊ ဒေသထောက်ပံ့ရေးအလုပ်တိုက်နယ်၊ ရေဝေရေလဲအလုပ်တိုက်နယ်၊ သစ်မဟုတ်သော အခြားသစ်တောထွက်ပစ္စည်းများ အလုပ်တိုက်နယ်၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ စသည်ဖြင့် စနစ်တကျသတ်မှတ်၍ စီမံအုပ်ချုပ် လုပ်ကိုင်လျက်ရှိပါသည်။

နယ်မြေအလိုက်တည်ရှိသော သစ်တောသယံဇာတများ၏ ပေါက်ရောက်မှု၊ ကြီးထွားမှု၊ ပျက်စီးမှုအခြေအနေများကို အဝေးမှစူးစမ်းလေ့လာသည့်နည်းစနစ်၊ ပထဝီဝင်သတင်းအချက်အလက်နည်းပညာ (Remote Sensing & Geographical Information System - RS & GIS) တို့ကို အသုံးပြု၍ ဂြိုဟ်တုဓာတ်ပုံများဖြင့်လေ့လာခြင်း၊ (၁၀)နှစ်တစ်ကြိမ် မြေပြင်တွင် လက်တွေ့ကွင်းဆင်းပြီး သစ်တောသယံဇာတစာရင်းများ ကောက်ယူ၍ အလုပ်တိုက်နယ်များ သတ်မှတ်ပါသည်။ တည်ရှိနေသော သယံဇာတများအား ရေရှည်ထုတ်ယူသုံးစွဲနိုင်ရန် ရည်ရွယ်၍မူလအရင်းကိုမထိခိုက်စေသည့် အတိုးကိုသာ ထုတ်ယူသော စနစ်ဖြစ်သည့် နှစ်စဉ်ခုတ်လှဲ ထုတ်ယူခွင့်ပြုသော အပင်အရေအတွက် (Annual Allowable Cut -AAC) ကို သိပ္ပံနည်းကျတွက်ချက်ပြီး ခုတ်လှဲခွင့်ပြုသည့် ကန့်သတ်လုံးပတ် (Girth Limit)၊ ခုတ်ပတ်ကာလ (Felling Cycle) နှင့်ခုတ်ကွက်စဉ်များ (Felling Series) သတ်မှတ်၍ ထုတ်လုပ်လျက်ရှိပါသည်။

တစ်နည်းအားဖြင့် အသက်အရွယ်ကြီးရင့်သော အပင် (Mature Trees) များကို ရွေးချယ်ခုတ်လှဲ ထုတ်ယူခြင်းဖြင့် ငယ်ရွယ်သော အပင်များအတွက် လိုအပ်သည့်နေရောင်ခြည်၊ မြေနေရာနှင့် အစာရေစာများ ပိုမိုရရှိစေရန် ဖြစ်ပါသည်။ ယင်းကဲ့သို့ ခုတ်လှဲထုတ်ယူရာတွင်လည်း သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် တတ်နိုင်သမျှ စက်ယန္တရားနှင့် ထုတ်လုပ်ခြင်းမပြုဘဲ ဆင်ကိုအသုံးပြု၍ထုတ်ယူခြင်း၊ ဖောင်ဖွဲ့၍သယ်ဆောင်ခြင်းတို့ကို အသုံးပြုရန် အမျိုးသားအဆင့် သစ်ထုတ်လုပ်ခြင်းဆိုင်ရာလက်စွဲ (National Code of Harvesting Technique) ကို စနစ်တကျ ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းဖြစ်သော ကျေးလက်နေပြည်သူများမှာ နေ့စဉ် လောင်စာစွမ်းအင်အတွက် ထင်း၊ မီးသွေးကိုသာ အဓိကထားသုံးစွဲနေရဆဲဖြစ်ပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် ပြည်သူလူထု၏ အခြေခံလိုအပ်ချက်ဖြစ်သော ထင်း၊ မီးသွေး လိုအပ်ချက်များကို သဘာဝသစ်တောများအပေါ်တွင် မှီခိုအားထားနေရခြင်းမှ လျော့နည်းသက်သာစေရန် ကျေးရွာပိုင် ထင်းစိုက်ခင်းများ တည်ထောင်ပေးခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း၊ သစ်ထုတ်လုပ်ခြင်းမှ ရရှိနိုင်သည့် ကိုင်းဖျား၊ ကိုင်းနားများကို ထင်း၊ မီးသွေးအဖြစ် ထုတ်လုပ်ခွင့်ပြုခြင်း၊ ပုဂ္ဂလိကပိုင် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ ကျေးလက်နေ ပြည်သူများကိုယ်တိုင် အသိစိတ်ဓာတ်ဖြင့် မိမိတို့၏ ရွာ၊ ခြံ၊ အိမ်မြေဝင်းအတွင်း ကိုယ်တိုင်စိုက်ပျိုးသုံးစွဲစေရေးကို စည်းရုံးဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် သစ်တောကြိုးဝိုင်းများနှင့် ကြိုးပြင်ကာကွယ်တောများအတွင်း ပျက်စီးပြုန်းတီးနေသော သဘာဝသစ်တောများတွင် ဌာနပိုင်သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းအပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များအား သစ်တောစိုက်ခင်းများ တည်ထောင်ခွင့်ပြုလျက်ရှိရာ ၂၀၁၁ ခုနှစ် ဇူလိုင်လကုန်အထိ ပုဂ္ဂလိက ကျွန်းစိုက်ခင်းဧက ၄၈၆၉၀ နှင့် ပုဂ္ဂလိက သစ်မာစိုက်ခင်း ၃၅၉၃၂ ဒသမ ၈၈ ဧက စိုက်ပျိုးတည်ထောင်ပြီး ဖြစ်ပါသည်။ သစ်တောစိုက်ခင်းများ တည်ထောင်ခွင့်ပြုရာမှာ သဘာဝတောအဖြစ် ပြန်လည်ပြုစုထိန်းသိမ်းရန် မဖြစ်နိုင်တော့သည့် တောပျက်များ၊စွန့်ပစ်တောင်ယာဖုန်းဆိုးတောများအား ရွေးချယ်သတ်မှတ်ပေးလျက်ရှိပါသည်။ စိုက်ပျိုးရာတွင်လည်း စိုက်ခင်းတည်ထောင်မည့်နေရာဒေသနှင့် ရေမြေရာသီဥတု သဘာဝအခြေအနေနှင့် ကိုက်ညီသည့်သစ်မျိုးများကို ရွေးချယ်စိုက်ပျိုးစေလျက်ရှိပါသည်။ ထို့ပြင် သစ်တောပြုန်းတီးမှုကြောင့် မြေဆီလွှာတိုက်စားခြင်း၊ မြေပြိုခြင်း၊ မြစ်ချောင်းများ၊ ဆည်တာတမံများအတွင်းသို့ နုန်းအနည်အနှစ် ပို့ချခြင်း မဖြစ်ပေါ်စေရန်အတွက် ရေဝေရေလဲ စိုက်ခင်းများကိုလည်း တည်ထောင်ပေးလျက်ရှိပါသည်။

သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းသည် တစ်ယူနစ် ဧရိယာမှ သစ်ထွက်နှုန်းကောင်းမွန်မှုကြောင့် သဘာဝတောများမှ သစ်ထုတ်လုပ်မှုလျော့နည်း သက်သာစေသော်လည်း သစ်မျိုးတစ်မျိုးတည်း စိုက်ပျိုးခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များ (ဥပမာ-တောမီး၊ ပိုးမွှားရောဂါကျရောက်ပါက ဆိုးရွားစွာ ခံရခြင်း၊ သစ်တောမြေဆီလွှာနှင့် ဇီဝမျိုးစုံမျိုးကွဲများ တည်ရှိမှုကို ထိခိုက်စေနိုင်ခြင်း) ရှိသဖြင့် သစ်တောစိုက်ခင်းတည်ထောင်ခြင်းနှင့် သဘာဝသစ်တောများအား ပြုစုထိန်းသိမ်းခြင်းကို အချိုးညီ ဆောင်ရွက်လျက်ရှိပါသည်။ ဆိုလိုသည်မှာ ထုတ်လုပ်သုံးစွဲလိုသော သစ်မျိုး သို့မဟုတ် နှစ်ရှည်သီးနှံတစ်မျိုးအတွက်ရည်ရွယ်၍ တည်ရှိနေသောသဘာဝသစ်တောများကို ရှင်းလင်းဖယ်ရှားပြီး စိုက်ပျိုးခြင်းသည် မူလတည်ရှိနေသည့် ဇီဝမျိုးစုံမျိုးကွဲများ၊ ရေမြေသဘာဝပတ်ဝန်းကျင်ကို ပျက်စီးထိခိုက်စေနိုင်ပါသည်။

ယနေ့ကာလတွင် ပုံမှန်မဟုတ်သည့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ ဆက်တိုက်ဖြစ်ပေါ်နေခြင်းကို လျော့ပါးသက်သာစေရန်နှင့် လိုက်လျောညီထွေဖြစ်စေရန်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားဆောင်ရွက်နေရသည့်အချိန် ဖြစ်ပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတာဝန်ကို အဓိကဦးတည်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ဒေသဆိုင်ရာဆွေးနွေးပွဲများ၊ အစည်းအဝေးများ လက်ခံကျင်းပခြင်း၊ နိုင်ငံတကာကွန်ဖရင့်များ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ၊ အစည်းအဝေးများသို့ စေလွှတ်တက်ရောက်စေခြင်း၊ ပြန်လည်၍ ဆင့်ပွား ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များ (Agreements)၊အစည်းအဝေးကြီးများ(Conventions)နှင့် ကတိပြုစာချုပ်များ (Treaties)ကို ပါဝင်လက်မှတ်ရေးထိုးဆောင်ရွက်လျက်ရှိပါသည်။ ဥပမာအားဖြင့် အိုဇုန်းလွှာကာကွယ်ခြင်းဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း (Viena Convention on the Protection of Ozone Layer-1985)၊ အိုဇုန်းလွှာကာကွယ်ရေး မွန်ထရီအယ်(လ်)ပရိုတိုကိုးလ်(Montreal Protocol for the Greater Protection of the Ozone Layer-1987)၊ ရာသီဥတုပြောင်းလဲမှုစာချုပ် (Climate Change Treaty-1992)၊ ရာသီဥတုပြောင်းလဲဖြစ်ပေါ်ခြင်းအပေါ် ကျိုတိုပရိုတိုကိုးလ် (Kyoto Protocol to the Convention on Climate Change-1997)၊ သစ်တောများနှင့် တောရိုင်းတိရစ္ဆာန်များ ရမ်ဆာကွန်ဗင်းရှင်း(Ramsar Convention)၊ မျိုးသုဉ်းမည့်အန္တရာယ်ရှိသော တောရိုင်းတိရစ္ဆာန်များ၊ သစ်ပင်ပန်းမန်များအပေါ် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု ကွန်ဗင်းရှင်း(Convention on the International Trade in Endangered Species of wild fauna and flora - CITES-1973)၊ အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသသစ်သဘောတူညီချက် (International Tropical Timber Agreement-ITTA-1994)၊ဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်း (Convention on Biological Diversity-CBD-1992)၊ သဲကန္တာရတိုက်ဖျက်ရေး ကုလသမဂ္ဂကွန်ဗင်းရှင်း (United Nation Convention to Combat Desertification - UNCCD -1994) စသည်ဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောသစ်ပင်၊ တောရိုင်းတိရစ္ဆာန်ကာကွယ်ခြင်းလုပ်ငန်းများကို နိုင်ငံတကာနှင့်လက်တွဲ၍ အစဉ်တစိုက် ဆောင်ရွက်လာခဲ့ပါသည်။

ဖန်လုံအိမ်အာနိသင်ဖြစ်စေသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရန်အတွက် သန့်ရှင်းသောဖွံ့ဖြိုးမှုလုပ်ငန်းစဉ်(Clean Development, Mechanism-CDM)နှင့်သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားလျော့ကျခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း လုပ်ငန်းစဉ် (Reducing Emission From Deforestation and Forest Degradation - REDD) များကို နိုင်ငံအဆင့် လုပ်ငန်းစီမံကိန်းများရေးဆွဲကာ အစပျိုးဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိကမ္ဘာပေါ်တွင် သဘာဝပတ်ဝန်းကျင် အခြေအနေများနှင့် ရာသီဥတုပြောင်းလဲခြင်းဖြစ်စဉ်များကြောင့် ဖြစ်ပေါ်နေသည့် ပြဿနာ၊ အခက်အခဲများ၊ စိန်ခေါ်မှုများကို အမြဲမပြတ်လေ့လာ၍ ခေတ်မီနည်းပညာများကို သိရှိနားလည်တတ်ကျွမ်းစေရန်၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုအတွက် မျိုးဆက်သစ်ပညာရှင်များ တိုးမြင့်ရရှိစေရန် ဘွဲ့လွန်သင်တန်းများ၊ မဟာသိပ္ပံနှင့် ပါရဂူဘွဲ့သင်တန်းများအား ပြည်တွင်း၌ ပို့ချခြင်းနှင့် ပြည်ပသို့ စေလွှတ်တက်ရောက်စေခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

အချုပ်အားဖြင့်ဆိုရပါလျှင် သစ်တောသယံဇာတများ ရေရှည်တည်တံ့ရေးနှင့် ထာဝစဉ် စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် အားသွန်ခွန်စိုက် တစိုက်မတ်မတ် ဆောင်ရွက်လာခဲ့ပါသည်။ သစ်တောများပြုန်းတီးခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးခြင်းမရှိစေရန် နိုင်ငံသားတိုင်းက တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။ အမိနိုင်ငံတော်၏ သဘာဝသယံဇာတအရင်းအမြစ်အမွေအနှစ်များကို ရေတိုအကျိုးစီးပွားတစ်ခုတည်းကြည့်၍ လက်တစ်ဆုံးနှိုက်ခြင်း၊ ငန်းရွှေဥဥသည့် ပုံပမာအတိုင်း မတော်လောဘဖြင့် သုံးဖြုန်းဖျက်ဆီးပစ်ပါက အနာဂတ်လူသားများ ဒုက္ခအတိဖြင့် တွေ့ကြုံရင်ဆိုင်ခံစားရမည်သာဖြစ်သဖြင့် ဥပဒေများ မည်မျှပင်ပြဋ္ဌာန်းထားစေကာမူ လူတို့၏ အသိစိတ်ဓာတ်သည် အဓိကကျသဖြင့် နိုးကြားတက်ကြွသော အမြင်ဖြင့် အသိတရားလက်ကိုင်ထား၍ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုအပ်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

18-9 (10).pmd 1 9/18/2011, 3:33 AM

ကုန်သည်/စက်မှုအသင်းချုပ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် အစ္စရေးနိုင်ငံ သံအမတ်ကြီးတို့ တွေ့ဆုံဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်သည် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး Mr. Yaron Mayer, Myanmar Israel Business Association ၏ President နှင့် Federation of Israel Chambers of Commerce (FICC) မှ အဖွဲ့ဝင်ဖြစ်သူ Mr.Doron Landau တို့ စက်တင်ဘာ ၁၃ ရက် ညနေပိုင်းက အသင်းချုပ်ရုံး၌ တွေ့ဆုံဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် UMFCCI နှင့် FICC တို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာ MoU ရေးထိုးရန်ကိစ္စ၊ မြန်မာစီးပွားရေးကိုယ်စားလှယ်အဖွဲ့အား အစ္စရေးနိုင်ငံသို့ ဖိတ်ကြားရန်ကိစ္စ၊ Business Seminar About Myanmar ကျင်းပရန်ကိစ္စနှင့် အခြားအထွေထွေကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(ကုန်သည်/စက်မှုအသင်းချုပ်)

ပေါင်းစည်းလယ်ယာ မော်လမြိုင်ကျွန်း၌ ဖော်ဆောင်အောင်မြင်

မော်လမြိုင်ကျွန်း စက်တင်ဘာ ၁၇

ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျှော့နည်းပပျောက်ရေးအတွက် လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် တယ်ချောင်းကျေးရွာအုပ်စု နတ်မင်းကြီးကျေးရွာတွင် စိုက်ပျိုးထုတ်လုပ်အောင်မြင်နေသော ပေါင်းစည်းလယ်ယာမြေတွင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ကွင်းဆင်းလေ့လာ နည်းစနစ်ရယူပွဲကို စက်တင်ဘာ ၄ ရက် မွန်းတည့် ၁၂ နာရီက အဆိုပါ ပေါင်းစည်းလယ်ယာမြေ၌ ကျင်းပသည်။

ရှင်းလင်းဖြေကြား

ယင်းကွင်းဆင်း လေ့လာပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်၊ မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း လက်ထောက်မန်နေဂျာ ဦးသိန်းထွန်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းရှိန်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်အေးတို့နှင့်အတူ တာဝန်ခံစိုက်ပျိုးထုတ်လုပ်သူ တောင်သူဦးထွန်းမြင့်မိသားစုတို့က ပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးထားသော ဆင်းသွယ်လတ် လေးကေစိုက်ခင်း၊ တီလားပီးယားငါးမွေးကန်တစ်ကန်၊ နွားမွေးမြူရေးနှင့် ဘဲမွေးမြူရေးလုပ်ငန်း၊ သဘာဝမြေသြဇာထုတ်လုပ်သော တီမွေးကန် နှစ်ကန်၊ ရာသီချိန်သီးနှံ ကြက်ဟင်းခါး စိုက်ခင်း၊ ဒန့်သလွန်ပင်၊ သင်္ဘောပင်၊ ငှက်ပျောပင်နှင့် စီးပွားဖြစ် နှင်းဆီပန်းစိုက်ခင်းတို့ကို ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၃၂ ဦးတို့အား ပေါင်းစည်းလယ်ယာမြေအတွင်း လိုက်လံရှင်းလင်းပြသပြီး သိလိုသမျှ မေးမြန်းချက်များကို စိုက်ပျိုးထုတ်လုပ်မှု ကဏ္ဍအလိုက် အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရှိရသည်။ (၀၆၅)

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၇

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်အတွင်း ဝန်ထမ်းများနှင့် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေးမြေစိုက်ပိုစတာ စိုက်ထူခြင်းနှင့်လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို စက်တင်ဘာ ၁၂ ရက်က မရမ်းကုန်းမြို့နယ်၌ကျင်းပရာ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အနောက်ပိုင်းခရိုင်မှ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် ဝန်ထမ်းများက မရမ်းကုန်းမြို့နယ် ရန်ကုန် -ပြည်လမ်း ရှစ်မိုင်လမ်းဆုံ**(အပေါ်ပုံ)**တွင်လည်းကောင်း၊ရန်ကုန်-အင်းစိန်လမ်း သမိုင်းမီးပွိုင့်လမ်းဆုံတွင်လည်းကောင်း၊ ဘုရင့်နောင်မီးပွိုင့်လမ်းဆုံတွင်လည်းကောင်း မြေစိုက်ပိုစတာများ စိုက်ထူကြပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ (၀၁၅)

မှုခင်းသတင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ဓာတ်လိုက်၍ လူတစ်ဦးသေဆုံး

ရန်ကုန် စက်တင်ဘာ ၁၇

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရွာသာကြီးရပ်ကွက် အပိုင်း(၁)၌ စက်တင်ဘာ ၁၃ ရက်ညက အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံးမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၃ ရက် ည ၈ နာရီခန့်က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရွာသာကြီးရပ်ကွက် အပိုင်း(၁) ပန်းတင်လမ်းနေ ဦးကျော်ကျော်စိုး အသက်(၃၀) (ဘ)ဦးတင်ညွန့်သည် ရပ်ကွက်အတွင်းရှိ နာရေးအိမ်အတွက် သောက်သုံးရေ ထမ်းပိုးပြီးသယ်လာစဉ် လမ်းတွင်ချော်လဲကျရာ အိမ်တစ်အိမ်မှ အခြားအိမ်သို့ သွယ်တန်းထားသော ဓာတ်ကြိုးပြုတ်ကျ၍ လျှပ်စစ်ဓာတ်အားစီးဝင်နေသော အနီး အနားရှိ သံဆန်ခါခြံစည်းရိုးအား လှမ်းဆွဲမိရာမှ ဓာတ်လိုက်ပြီး လဲကျသွားခဲ့သည်။ ၎င်းအား တာဝန်ရှိသူများနှင့် ပြည်သူများက သယ်န်းကျွန်းစံပြဆေးရုံကြီးသို့ တင်ပို့စဉ် လမ်းတွင် သေဆုံးသွားခဲ့ခြင်းဖြစ်သည်။

သေမှုသေခင်းနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ (၀၂၅)

ASEAN Youth Award ဆုယူရန်နှင့် အာဆီယံလူငယ်များနေ့ အစည်းအဝေးတက်ရောက်ရန် စင်ကာပူနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၇

စင်ကာပူနိုင်ငံတွင် စက်တင်ဘာ ၁၃ ရက်မှ ၁၉ ရက်အထိ ကျင်းပမည့် ASEAN Youth Award ဆုယူရန်နှင့် အာဆီယံလူငယ်များနေ့ အစည်းအဝေးတက်ရောက်ရန်အတွက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးဆက်အောင် ဦးဆောင်၍ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အသင်းဝင် ဒေါ်ဖြူဖြူမြင့်နိုင်၊ အသင်းဝင် ဒေါ်နန်းဖြိုးရတနာနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဦးစည်သူတို့သည် စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်လှဝတီနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြန်မာ့အလင်း)**

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

သတ္တဗေဒ ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၇

ရန်ကုန်တက္ကသိုလ် သတ္တဗေဒ ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် သက်ကြီးအာစရိယပူဇော်ပွဲကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ တက္ကသိုလ်များဓမ္မာရုံ (ရန်ကုန်တက္ကသိုလ်နယ်မြေ) ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။

ကန်တော့ခံသက်ကြီး ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီနာယက ဆရာ ဦးကျော်ဘုန်းလင်း ဖုန်း-၀၁-၂၀၃၃၀၃၊ ဆရာမ ဒေါ်ညွန့်ညွန့်ရည် ဖုန်း-၀၉၈၅-၃၇၂၆၉၊ ဆရာမ ဒေါ်တင်စိုး ဖုန်း-၀၁-၃၈၅၄၅၈၊ ဦးမောင်မောင်ဦး (ဟိန်းလတ်) ဖုန်း-၀၉-၅၅၀၁၇၂၄၊ ဦးကျော် ဖုန်း-၀၁-၅၇၇၉၄၉၊ ဦးသိန်းထွန်း ဖုန်း-၀၉-၄၃၀၈၄၄၂၉၊ ဒေါက်တာဌေးဌေးရင် ဖုန်း-၀၉-၇၃၀-၅၇၄၈၃၊ ဦးမြင့်လွင်ခိုင် ဖုန်း-၀၉-၅၀၄၆၈၉၉၊ ဦးစောဝင်း ဖုန်း-၀၁-၅၁၀၆၃၄၊ ဦးခင်မောင်ဝင်း ဖုန်း-၀၉-၈၆၀၂၄၇၂၊ ဦးမော်ရစ် ဖုန်း-၀၁-၂၁၆၇၇၆၊ ဦးဝင်းအောင်နီ ဖုန်း-၀၉-၈၅၃၀၃၄၅၊ ဒေါ်ကေသီခိုင် ဖုန်း-၀၁-၂၉၄၃၆၄၊ ဦးဝင်းရှိန် -ဒေါ်စိုး ဖုန်း-၀၁-၅၁၁၁၀၇၊ ဒေါက်တာဒေါ်ပြုံးအေး ဖုန်း-၀၉-၅၀၀၁၀၂၉ နှင့် ဦးချစ်မိုက် ဖုန်း-၀၉-၅၁၈၀၅၅၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ကျင်းပရေးကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကို စက်တင်ဘာ ၂၅ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရွှေမန်းကျောင်း၌ ကျင်းပမည်ဖြစ်ရာ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၁၇

ရမည်းသင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ကျေးရွာစာကြည့်တိုက်သို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

ရမည်းသင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီသောင်းနှင့် အဖွဲ့ဝင်များသည် အင်ကြင်းကန်ကျေးရွာ ရွှေအင်ကြင်းစာကြည့်တိုက်သို့ စာအုပ် စာစောင်များ ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၅ ရက် နံနက် ၁၀ နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။ ***(ယာပုံ)***

ပေးအပ်လှူဒါန်း

ဆက်လက်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီသောင်းက ကျောင်းသား ကျောင်းသူများအား လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ အမျိုးသမီးများ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် ကျန်းမာရေး အသိပညာပေး ဟောပြောပြီး ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ ***(အောက်ပုံ) (၄၀၆)***

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ပန်းတနော်မြို့နယ်၌ စာအုပ်လှူဒါန်း

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် စက်တင်ဘာ ၅ ရက်က ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအစီအစဉ်အဖြစ် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ လှူဒါန်းသော ၂၀၁၁ ခုနှစ် သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ စာအုပ် ၁၀၂ အုပ်ကို ရပ်ကွက်နှင့် ကျေးရွာစာကြည့်တိုက်များသို့ ဖြန့်ဝေလှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံတကာဂီတ

ကမ္ဘာကျော်အဆိုတော် ကိတ်ဘွတ်ရှ် ဆောင်းသီချင်းအယ်လ်ဘမ် ထွက်ရှိမည်

လန်ဒန် စက်တင်ဘာ ၁၇

ဟေမန္တဆောင်းဥတုရဲ့ အေးမြသောရာသီ၊ နှင်းရည်နှင်းပေါက်တို့ တဖွဲဖွဲကျနေသော မြင်ကွင်း၊ ငြိမ့်ညောင်းသာယာသော ဂီတသံစဉ်များကို ချစ်မြတ်နိုးပါတယ်ဆိုတဲ့ ဂီတချစ်ပရိသတ်ကြီးအတွက် အထူးသီဆိုထားတဲ့ စတူဒီယိုတေးအယ်လ်ဘမ်သစ်ထွက်ရှိလာတော့မှာဖြစ်ကြောင်း အင်္ဂလိပ် ဝါရင့်အဆိုတော်ကြီး ကိတ်ဘွတ်ရှ် (Kate Bush)က ပြောပါတယ်။

ထွက်ရှိ

ဒီတေးအယ်လ်ဘမ်ရဲ့ အမည်ကိုတော့ 50 Words For Snow လို့ အမည်ပေးထားပါတယ်။ ဆီးနှင်းချပ်များ တဖွဲဖွဲတအိအိကျဆင်းနေတဲ့ မြင်ကွင်းများကို နောက်ခံထားပြီး သီဆိုထားတဲ့သီချင်းများဖြစ်တဲ့အကြောင်း အဆိုတော် ကိတ်ဘွတ်ရှ်ရဲ့ ဝက်ဘ်ဆိုက်မှာ ဖော်ပြထားပါတယ်။ ဒီတေးအယ်လ်ဘမ်ဟာ လာမယ့် နိုဝင်ဘာ ၂၁ ရက်မှာ ထွက်ရှိလာမှာဖြစ်ပါတယ်။ ဒီတေးအယ်လ်ဘမ်ဟာ အဆိုတော် ကိတ်ဘွတ်ရှ် (ဝဲပုံ) ရဲ့ ၁၀ ခုမြောက် စတူဒီယိုတေးအယ်လ်ဘမ် ဖြစ်ပါတယ်။

အသက် ၅၃ နှစ်ရှိပြီဖြစ်တဲ့ အဆိုတော်ကိတ်ဘွတ်ရှ်ဟာ တေးရေး၊ တေးဆိုနှင့် တေးထုတ်လုပ်သူအဖြစ် အောင်မြင်ကျော်ကြားတဲ့ ဂီတပညာရှင်တစ်ယောက်ပါ။ သူမဟာအသက် ၁၉ နှစ်အရွယ်ကစပြီး Wuthering Heights လို့ အမည်ရတဲ့ တေးအယ်လ်ဘမ်နဲ့ လူသိများကျော်ကြားလာခဲ့တဲ့ အဆိုတော် ဖြစ်ပါတယ်။ ယူနိုက်တက်ကင်းဒန်းမှာရော ကမ္ဘာမှာပါ နှစ်ပေါင်း ၃၀ ကျော်ကြာ အောင်မြင်မှုအရှိဆုံး အမျိုးသမီးအဆိုတော်လည်း ဖြစ်ပါတယ်။ **(အင်တာနက်)**

အဆိုတော် ရီဟန်နာ တေးအယ်လ်ဘမ် ထွက်မည်

လန်ဒန် စက်တင်ဘာ ၁၇

ဘာဘေးဒိုးစ် ကျွန်းနိုင်ငံလေးမှ အာအင်န်ဘီ၊ရက်ဂေးနဲ့ပေါ့ပ်သီချင်းများဖြင့် တစ်ဟုန်ထိုး အောင်မြင်ကျော်ကြားလာတဲ့ အဆိုတော် ရီဟန်နာ(ယာပုံ) တစ်ယောက် မကြာမီ တေးအယ်လ်ဘမ်သစ် ထွက်တော့မှာဖြစ်ကြောင်း ကိုးပလေး(Coldplay) တီးဝိုင်းအဖွဲ့က အတည်ပြု ပြောကြားလိုက်ပါတယ်။

ဒီတေးအယ်လ်ဘမ်ရဲ့ အမည်ကို မိုင်လိုဆိုင်လိုတို (Mylo Xyloto) လို့ အမည်ပေးထားပြီး လာမယ့်အောက်တိုဘာ ၂၄ ရက်မှာ ထွက်မယ်လို့ ဆိုပါတယ်။ ဒီတေးအယ်လ်ဘမ်မှာ အဆိုတော် ရီဟန်နာက Princess of China လို့ အမည်ရတဲ့ သီချင်းတစ်ပုဒ်ကို အထူးသီချင်းအဖြစ် သီဆိုထားပါတယ်။ ဒီတေးအယ်လ်ဘမ်ဟာ အဆိုတော် ရီဟန်နာရဲ့ ဒုတိယမြောက် အယ်လ်ဘမ်ဖြစ်ပြီး ၂၀၀၈ ခုနှစ်က Viva La Vida လို့အမည်ရတဲ့ တေးအယ်လ်ဘမ် ထွက်ပြီးနောက် ပထမဆုံး ထွက်ရှိလာတဲ့ တေးအယ်လ်ဘမ်လည်း ဖြစ်ပါတယ်။ အသက် ၂၃ နှစ်အရွယ်ရှိ အဆိုတော် ရီဟန်နာရဲ့ ယခုထွက်ရှိလာမယ့် တေးအယ်လ်ဘမ်မှာ Princess of China အပါအဝင် သီချင်း ၁၄ ပုဒ် သီဆိုထားပါတယ်။ (အင်တာနက်)

မြင့်မောင်စိုး - စုစည်းရေးသားသည်

နှစ်ပေါင်း ၆၂ နှစ်ကြာ အရောင်းရဆုံးအယ်လ်ဘမ်ရ အဆိုတော်ကြီး ဒေါ်ရစ်ဒေး

လော့စ်အိန်ဂျလိစ် စက်တင်ဘာ ၁၇

*အမေရိကန်နိုင်ငံက အိုဟိုင်းယိုးမြို့သူ ဒေါ်ရစ်ဒေး **(ယာပုံ)** (Doris Day)ကို ဟောလိဝုဒ်ရုပ်ရှင်လောကမှာရော ဂီတလောကမှာပါ အောင်မြင်ကျော်ကြားတဲ့သူတစ်ယောက်အဖြစ် လူသိများခဲ့ကြပါတယ်။ သူမဟာ ဟောလိဝုဒ်ရုပ်ရှင်လောကမှာ လျှမ်းလျှမ်းတောက်အောင်မြင်ခဲ့သလို ဂီတလောကမှာလည်း အောင်မြင်မှုအပေါင်း သရဖူဆောင်းခဲ့သူပါ။*

ထုတ်လုပ်ခဲ့

ဒေါ်ရစ်ဒေးဟာ ၁၉၃၉ ခုနှစ်ကစလို့ စီးပွားရေးလုပ်ငန်းရှင်ဘဝကို စွန့်လွှတ်ပြီး ရုပ်ရှင်နဲ့ ဂီတလောကထဲကို ဝင်ရောက်လာခဲ့ရာမှာ ယနေ့အထိ ဟောလိဝုဒ်ရုပ်ရှင်ကားပေါင်း ၃၉ ကားနဲ့ သီချင်းအယ်လ်ဘမ်ပေါင်း ၂၈ ခု ရိုက်ကူးသီဆိုထုတ်လုပ်ခဲ့သူ ဖြစ်ပါတယ်။ သူမဟာ ယနေ့အထိ သီချင်းအပုဒ်ပေါင်း ၆၅၀ ကျော် သီဆိုအသံသွင်းခဲ့ပြီး ဖြစ်ပါတယ်။

လူကြိုက်များ

အသက် ၈၇နှစ်အရွယ်ရှိပြီဖြစ်တဲ့ အဆိုတော်ကြီး ဒေါ်ရစ်ဒေးရဲ့ လူကြိုက်အများဆုံး တေးအယ်လ်ဘမ်တစ်ခုကတော့ My Heart လို့ အမည်ရပါတယ်။ ဒီသီချင်းအယ်လ်ဘမ်ဟာ ကမ္ဘာမှာ လူကြိုက်များခဲ့သလို ဗြိတိန်နိုင်ငံမှာ ယနေ့အထိ ထိပ်တန်းအရောင်းရဆုံးတေးအယ်လ်ဘမ် ၁၀ ခုမှာ ပါရှိနေဆဲဖြစ်ပါတယ်။ အဆိုတော်ကြီး ဒေါ်ရစ်ဒေးရဲ့ My Heart သီချင်းအယ်လ်ဘမ်ဟာ ယနေ့ကမ္ဘာမှာ အောင်မြင်ကျော်ကြားနေတဲ့ လေဒီဂါဂါ၊ ဘရူနိုမားစ်တို့ရဲ့ တေးအယ်လ်ဘမ်တွေနဲ့ အပြိုင် ထိပ်တန်းစာရင်းဝင်ဖြစ်နေဆဲပါ။ သူမရဲ့ ဒီသီချင်းအယ်လ်ဘမ်ဟာ စက်တင်ဘာ ၁၂ ရက်က ဗြိတိန်နိုင်ငံမှာ အရောင်းရဆုံး တေးအယ်လ်ဘမ်နံပါတ် ကိုးနေရာသို့ ရောက်ရှိခဲ့ပါတယ်။ သီချင်းအယ်လ်ဘမ်ကို ထွက်ရှိခဲ့တာ နှစ်ပေါင်း ၆၂ နှစ် ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ ဒီသီချင်းအယ်လ်ဘမ်ကို အဆိုတော်ကြီး ဒေါ်ရစ်ဒေးရဲ့သားဖြစ်သူ တယ်ရီမီလ်ချာက ၁၂ ကြိမ်တိုင်တိုင် ထုတ်လုပ်ဖြန့်ချိတယ်လို့ ဆိုပါတယ်။

ဂရမ်မီဆု

သူမဟာ ဟောလိဝုဒ် ရုပ်ရှင်လောကမှာ အော်စကာဆုများရခဲ့သလို ဂီတလောကမှာလည်း ရွှေကမ္ဘာလုံးဆုတွေနဲ့ ဂရမ်မီဆုများ ဆွတ်ခူးရရှိခဲ့သူလည်း ဖြစ်ပါတယ်။ My Heart လို့ အမည်ရတဲ့ သူမရဲ့ တေးအယ်လ်ဘမ်ဟာ အလွန်လူကြိုက်များခဲ့ပြီး ယနေ့အထိဗြိတိန်နိုင်ငံမှာ ၆၂နှစ်ကြာ အရောင်းရဆုံး တေးအယ်လ်ဘမ်အဖြစ် ရပ်တည်နေဆဲဖြစ်ပါတယ်။ ။ ***(အင်တာနက်)***

နိုင်ငံတကာအားကစားမြင်ကွင်း

■ *ကျောဖုံးမှ*



ကွင်းလယ်ကစားသမားဘက်ခမ်းအား ပဲရစ်စိန့်ဂျာမိန်း ခေါ်ယူလိုဟုဆို

လန်ဒန် စက်တင်ဘာ ၁၇

အင်္ဂလန်နှင့် မန်ယူကွင်းလယ်ကစားသမားဟောင်း ဒေးဗစ်ဘက်ခမ်း (အပေါ်ပုံ) **အား ခေါ်ယူရန်စိတ်ဝင်စားနေကြောင်း ပြင်သစ်ပထမတန်းကလပ် ပဲရစ်စိန့်ဂျာမိန်း အားကစားညွှန်ကြားရေးမှူး လီယိုနာဒိုက ထုတ်ဖော်ပြောကြားလိုက်သည်။**

သက်တမ်းကုန်ဆုံး

အသက် ၃၆ နှစ်အရွယ်ရှိ ဒေးဗစ်ဘက်ခမ်းသည် လောလောဆယ် အမေရိကန်လိဂ် (မေဂျာလိဂ်) ကလပ်တစ်ခုဖြစ်သော အယ်လ်အေဂလက်ဆီတွင် ကစားလျက်ရှိသည်။ ၎င်းသည် ဂလက်ဆီအသင်းနှင့် ငါးနှစ်စာချုပ်ဖြင့် ကစားလျက်ရှိရာ ယခုနှစ် မေဂျာလိဂ်ရာသီကုန်ဆုံးလျှင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

ဒေးဗစ်ဘက်ခမ်းဟာ ဘောလုံးသမားတစ်ဦးထက် အနုပညာသမားဆန်ပြီး ဆက်ဆံရေးအလွန်ကောင်းမွန်ပါတယ်။ သူ့ကိုနေ့တိုင်းတွေ့ရတာက အမြဲလေ့ကျင့်နေပြီး ကလေးတစ်ယောက်လိုပဲကစားနေတာတွေ့ရပါတယ်ဟု လီယိုနာဒိုကပြောကြားသည်။

ဆက်သွယ်ထား

ပဲရစ်စိန့်ဂျာမိန်းအသင်းသည် ၂၀၀၄ခုနှစ်က ပြင်သစ်လိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့သည့် အသင်းဖြစ်သည်။ ယခုနှစ်နွေရာသီတွင် ဘောလုံးသမား ခေါ်ယူမှုကုန်ကျငွေ အများဆုံးအသင်းလည်း ဖြစ်သည်။ လက်ရှိချန်ပီယံ လီလီထက် ခြောက်ဆ ငွေပိုသုံးထားသည်။ ၎င်းကလပ်သည် ယခုနှစ်နွေရာသီတွင် စုစုပေါင်းကစားသမား ခေါ်ယူမှုကုန်ကျငွေ ပေါင်၇၅ ဒသမ ၅သန်း သုံးစွဲထားသည်။ ၎င်းအား ပရီမီယာလိဂ်ကလပ်များဖြစ်သည့် စပါးနှင့် QPR တို့ကခေါ်ယူရန်လည်း ဆက်သွယ်ထားသည်။(အင်တာနက်)

တိုက်စစ်မှူး တီဗက်ဇ် ပုံမှန်ကစားခွင့်ရရန် အခွင့်အရေးကို စောင့်ရမည်ဟု မန်စီနီပြောကြား

လန်ဒန် စက်တင်ဘာ ၁၇

တိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်သည် ပုံမှန်ပွဲထွက် ကစားခွင့်ရရှိရန် အခွင့်အရေးကို စောင့်ရလိမ့်မည်ဖြစ်ကြောင်း နည်းပြမန်စီနီက အခိုင်အမာပြောကြားလိုက်သည်။ **(ယာပုံ)**

တီဗက်ဇ်သည် ပြီးခဲ့သည့် နွေရာသီက အသင်းမှထွက်ရန် ကြိုးစားခဲ့ပြီးနောက် ပုံမှန်ပွဲထွက်ကစားခွင့် ဆုံးရှုံးခဲ့သည်။ ၎င်းသည် ပြီးခဲ့သည့် ပရီမီယာလိဂ်တွင် ဝီဂန်အသင်းနှင့်ကစားရာတွင် ပယ်နယ်တီလွဲချော်ခဲ့ရသည်။ ထို့အပြင် နာပိုလီနှင့် ကစားသည့် ချန်ပီယံလိဂ်အုပ်စုပြိုင်ပွဲတွင်လည်း အရန်ခုံမှာသာ ထိုင်ခဲ့ရသည်။ ယခုနှစ် ပရီမီယာလိဂ်အဖွင့်တွင် တိုက်စစ်မှူး တီဗက်ဇ်ပုံမှန်ပွဲထွက်ကစားခွင့် ပျောက်ဆုံးနေသည့် အဓိကအကြောင်းအရင်း တစ်ရပ်မှာ ၎င်း၏နောက်လိုက်ကစားသမားများဖြစ်သည့် ဒီဇီကိုနှင့် အဂူရိုတို့ ခြေစွမ်းပြကစားနေခြင်းဖြစ်သည်။ ယင်းတို့သည် ယခုနှစ်ရာသီတွင် အသင်းအတွက် ခြောက်ဂိုးစီ သွင်းယူပေးထားသည်။ တီဗက်ဇ်သည် မန်စီးတီးသို့ ရောက်လာပြီးနောက် ပွဲပေါင်း ၈၉ ပွဲ ကစားရာတွင် ၅၃ ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ **(အင်တာနက်)**

ဘာလက်ဘန်းနှင့် ချယ်ဆီးနိုင်ပွဲတောင်း အာဆင်နယ်၊ ဘော်လ်တန်တို့ ရှုံးပွဲကြုံ

ဆွမ်ဆီးအသင်းမှ ဆင့်ကလဲယား ဝက်စ်ဘရွန်းဘက်သို့ ပယ်နယ်တီ ဂိုးသွင်းယူစဉ်။

လန်ဒန် စက်တင်ဘာ ၁၇

ပရီမီယာလိဂ်ပွဲစဉ်(၅) ဘောလုံးပြိုင်ပွဲများကို စက်တင်ဘာ ၁၇ရက် ညပိုင်းက စတင်ယှဉ်ပြိုင်ကစားကြရာ ဘလက်ဘန်းက အိမ်ကွင်း၌ အာဆင်နယ်ကို လေးဂိုး-သုံးဂိုးဖြင့်နိုင်ပြီး ယခုနှစ် ပရီမီယာလိဂ်ရာသီတွင် ပထမဆုံးနိုင်ပွဲရရှိခဲ့သည်။

ပွဲစပြီး ၁၀ မိနစ်အကြာ အာဆင်နယ်တိုက်စစ်မှူး ဂါဗင်ဟိုက ရော်ဘင်ဆင်၏ ဖြတ်တင်ဘောမှတစ်ဆင့် အဖွင့်ဂိုး သွင်းယူသည်။ ယင်းဂိုးကို ယာကူဘူက ဘလက်ဘန်းအသင်းအတွက် ချေပဂိုးသွင်းယူသည်။ ပွဲချိန် ၃၄ မိနစ်တွင် မီခေးလ်အာတီတာက အာဆင်နယ်အတွက် ဒုတိယဂိုးသွင်းယူခဲ့သည်။ အာဆင်နယ်ကစားသမား အဲလက်ဆောင်း ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိ၍ ဘလက်ဘန်းတို့ ဒုတိယဂိုးရရှိသည်။ ပွဲချိန် ၅၉ မိနစ်တွင် စတီဗင်ဇွန်စကီ၏ ဖြတ်တင်ဘောမှတစ်ဆင့် ယာကူဘူ ကန်သွင်းရာ ဘလက်ဘန်းတို့ တတိယဂိုးရခဲ့သည်။ ပွဲချိန် ၆၈ မိနစ်တွင် ကော့စ်စီနီ ကိုယ့်ဂိုးကိုယ် ပြန်သွင်းမိ၍ ဘလက်ဘန်းတို့ စတုတ္ထမြောက်ဂိုးရခဲ့သည်။ ပွဲပြီးခါနီးတွင် အာဆင်နယ်မှ ချာမတ်က တတိယဂိုး သွင်းယူသည်။ ဘလက်ဘန်းအသင်းသည် အာဆင်နယ်ကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခြင်းမှာ ယခုနှစ်ဘောလုံးရာသီ ပထမဆုံးအနိုင်ပွဲဖြစ်ပြီး နည်းပြစတီဗင်ကိန်းလည်း ဖိအားပေးခံရမှုမှ သက်သာသွားသည်။ ဘလက်ဘန်းတို့ ယင်းအနိုင်ပွဲကြောင့် အမှတ်ပေးဇယားအောက်ဆုံးမှ နံပါတ် ၁၃ နေရာသို့ တက်လာသည်။

ဆွမ်ဆီးက အိမ်ကွင်းတွင် ဝက်စ်ဘရွန်းအသင်းကို သုံးဂိုးပြတ်ဖြင့် နိုင်သည်။ ယင်းအနိုင်ပွဲမှာ ယခုနှစ်ရာသီတွင် ဆွမ်ဆီးအသင်း၏ ပထမဆုံးအနိုင်ပွဲဖြစ်သည်။ QPR အသင်းက ဝုဗ်ကွင်း၌ သုံးဂိုးပြတ်ဖြင့်နိုင်သည်။ အဲဗာတန်ကလည်း ဝီဂန်ကို အိမ်ကွင်း၌ သုံးဂိုး-တစ်ဂိုးဖြင့်နိုင်သည်။ နော့ဝစ်က ဘော်လ်တန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ကစားသည်။ အက်စ်တွန်ဗီလာနှင့် နယူးကာဆယ်တို့ပွဲမှာ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။ **(အင်တာနက်)**

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ပစ္စည်းများအား ရန်ကုန်မှ စီမံကိန်းနေရာများသို့ ပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** ၁၉-၉-၂၀၁၁ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** ၂၃-၉-၂၀၁၁ ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** ၁၆:၀၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၃၉၁၊ ၄၁၀၂၈၂

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည် (ညှိနှိုင်းဈေးဖြင့်)

ဘုရင့်နောင်လမ်း(ခ)ကျောင်းလမ်း၊ ၃၅ရပ်ကွက်၊ မြောက်ဒဂုံ၊ ဂရန်မြေပေ (၄၀×၆၀)၊ (ခြံစည်းရိုးခတ်ပြီး)၊ ပျဉ်ထောင်အိမ်ပါ၊ (မြေသားဖြည့်ပြီး) အဝီစိတွင်းပါ (ရေမီးအစုံ)။

ဖုန်း-၀၉-၅၁၃၆၅၇၀၊ ၀၉-၅၀၃၁၃၅၆

ဗဟိုရိုစည်ဆေးရုံမှ ဖုန်းနံပါတ်များပြောင်းလဲခြင်းကို အသိပေးကြေညာခြင်း

ဗဟိုရိုစည်ဆေးရုံသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်လိုလျှင် မူလဖုန်းနံပါတ်များအစား အောက်ဖော်ပြပါ နံပါတ်များဖြင့်သာ ဆက်သွယ်ခေါ်ဆိုကြပါရန် လေးစားစွာ အသိပေး ပန်ကြားအပ်ပါသည်။ ဖုန်း-၀၁-၂၃၀၀၅၀၂ မှ ၀၁-၂၃၀၀၅၃၀အထိ

မှတ်ချက်။ ။ ဗဟိုရိုစည်ဆေးရုံ၏ မူလ HOT LINE နံပါတ် ဖုန်း-၀၁-၂၁၂၉၃၃ အား ၂၁-၉-၂၀၁၁ရက်မှစ၍ ဖုန်း-၀၁-၂၃၀၀၆၃၁ သို့ပြောင်းလဲခေါ်ဆိုပါရန် လေးစားစွာ ပန်ကြားအပ်ပါသည်။

သရဖူ
မွေးမြူရေးဆေးဝါးခြံသုံးပစ္စည်းနှင့် ကြက်သားပေါက်ဖြန့်ချိရေး

ရွှေကောင်းကင် ဥစားကြက်သားပေါက်များကို အမျိုးအမည်မသိ ကြက်သားပေါက်များနှင့် လိမ်လည်ရောင်းချမှုများ ရှိနေပါသဖြင့် တိုက်ရိုက်မေးမြန်းစုံစမ်း ဝယ်ယူအားပေးနိုင်ပါသည်။

တစ်ဦးတည်းကိုယ်စားလှယ်

သရဖူ မွေးမြူရေးဆေးဝါး ခြံသုံးပစ္စည်းနှင့် ကြက်သားပေါက်ဖြန့်ချိရေး

ရန်ကုန် အဆောင် (၆၁)၊ အခန်း (၁၀)၊ ကျောက်စိမ်း (၂)လမ်း စော်ဘွားကြီးကုန်းဝင်း၊ ဖုန်း-၀၁-၆၄၂၉၇၈၊ ၀၉-၈၆၃၃၄၄၄ မန္တလေး ဖုန်း-၀၂-၇၁၃၁၇၊ ၀၉-၆၅၀၀၄၃၃၊ ၀၉-၉၁၀၂၄၅၂၂။

ခင်နန္ဒာ

Ph: 09-5053076

M.T.P Construction Co., Ltd.
1. QC Engineer
(B.E Civil (or) A.G.T.I Civil)
2. Site Engineer
(B.E Civil (or) A.G.T.I Civil)
3. Site

GLOBAL DEVELOPMENT ENTERPRISE Co.,Ltd
Room (7),First Floor ,No(56),Yaw Min Gyi Street,
Dagon Township,Yangon.
01 393076, 01 566106, 01 566108,09 730 25827

Panwa Development Co.,Ltd.
ရန်ကုန်မြို့ရဲ့ ရင်နှီးမြုပ်နှံမှု အကောင်းဆုံး တစ်နေရာ
Dagon Centre / Yoma Bank / KBZ Bank နှင့် City Mart
Project Location
Project Type
3 Units - 6 storeys (R.C.C) Building

ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၉-၂၀၁၁ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ၁၂တွင်ပါရှိသောဦးငွေအောင် ၁၂/လမန(နိုင်)၀၃၀၃၇၇နှင့်အများ သိစေရန်ကြေညာချက်တွင် မှတ်ပုံတင်အမှတ် ၁၂၃၅ အစား မှတ်ပုံတင်အမှတ် ၁၂၃၃၅ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

အမည်ပြောင်း

ဦးသန်းအောင်၏သား စမ်းချောင်းမြို့နယ် အထက(၄) တက္ကသိုလ်(A)မှ မောင်သန်းထူးဇော်အား မောင်သီဟဟန်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်သီဟဟန်

ကျေးဇူးဆပ်ပါမည်

ဦးတင်ရွှေပတ်စပို့အမှတ်-၄၂၈၁၆၁ နှင့် ဒေါ်အေးအေးလွင် ပတ်စပို့အမှတ်-၆၂၈၂၆၀ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၀၉-၇၃၀၅၁၃၀၉ သို့ ဆက်သွယ်ပေးပါရန်။

သင့်သွေးဖြင့် အသက်ကယ်ပါ

အမည်မှန်

ဦးကိုကိုဝင်း၏ အမည်မှာ မှတ်ပုံတင်နှင့် သန်းခေါင်စာရင်းအရ ဦးကိုဝင်း ၇/ညလပ(နိုင်)၀၈၅၀၈၇ ဖြစ်ပါသည်။

ဦးကိုဝင်း ၇/ညလပ(နိုင်)၀၈၅၀၈၇

အမည်ပြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ အထက(၂)တက္ကသိုလ်ဝင်တန်း(E)မှ ဦးသိန်းဟန်-ဒေါ်မြင့်မြင့်ရီတို့၏သား မောင်စိုးစိုးဇော်အား မောင်ဇေယျာထက်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဇေယျာထက်နိုင်

မွေးသက္ကရာဇ် အမှန်ဖြစ်ကြောင်း

ဦးအေးစိုး၏သား၊ ရေကြောင်းကောလိပ် ဒုတိယနှစ် ရေဝတီတပ်ခွဲ ၇/၂၀၇၂ ကျွန်တော်မောင်ရဲရင့်ကျော် ၇/ပတန(နိုင်) ၁၄၅၉၄၆ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၆-၁၉၉၃ ဖြစ်ပါသည်။

အမည်ပြောင်း

ဦးဇော်မင်းဦး၏သား အမက(၁၈) တာမွေ ဒုတိယတန်း(A)မှ မောင်ကျော်သူရအား မောင်ဟိန်းသန့်မင်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဟိန်းသန့်မင်း

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဝင်းထိုက် CDC- 53671 ကိုင်ဆောင်သည့် SID ကတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၇၃၁၃၇၉၆၅

မြန်မာ့ရုပ်မြင်သံကြား

၁၈-၉ -၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈:၀၀ ၆။ သက်ရှည်ကျန်းမာ လေ့ကျင့်ပါ
၈:၁၀ ၇။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၂၀ ၈။ အကပြိုင်ပွဲ
၈:၃၀ ၉။ **၂၀၁၁ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေး) (အဆင့်မြင့်ပညာအဆင့်) အမျိုးသမီး**
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရဲစုံထောက် ဘတ်ရျောင်ဌွန်း** (အပိုင်း-၈)
၁၂:၃၀ ၅။ မြန်မာဗီဒီယိုဇာတ်လမ်း **သာယာချမ်းမြေ့** မင်းမော်ကွန်း၊အိန္ဒြာကျော်ဇင် (ဒါရိုက်တာ-ကျော်ဇောလင်း)
၁၄:၀၀ ၆။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၁၄:၁၀ ၇။ ဇမ္ဗူဒီပါမှာထွန်းတဲ့ကျွန်း
၁၄:၄၀ ၈။ လက်ဆင့်ကမ်းပေး ဂီတတေး
၁၄:၅၀ ၉။ International News
၁၅:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၄:၃၀ ၄။ ကျန်ရစ်ခဲ့သော ခြင်ထောင်လေးတစ်လုံး
၄:၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၅:၁၀ ၇။ **၂၀၁၁ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေး) (အဆင့်မြင့်ပညာအဆင့်) အမျိုးသမီး**
၅:၂၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၁။ ကာတွန်းအစီအစဉ် **ရေငုပ်သမားလေးအိုလီ** (အပိုင်း-၁၀)
၆:၄၀ ၁၂။ တစ်မျက်နှာ၊တစ်ကွက်စာ **အတိမ်အနက်** ပိုင်သိခ်၊ ကျော်စိုး၊ ကြည်နူးနိုင်၊မေချစ်သက် [(ဒါရိုက်တာ-မေတင်(MMG)]
၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **နတ်ရေးငယ်တဲ့ရွှေဖူးစာ** (အပိုင်း-၁၆)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ** (အဆိုဘာသာရပ်)ဆိုင်ရာ အကဲဖြတ်ဒိုင်အဖွဲ့၏ အထောက်အကူပြု ဆွေးနွေးခန်း
၁၈။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (ဒုတိယတွဲ) (အပိုင်း-၅၀)
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်မိလေသော ရုပ်သံလွှင့်မှူး** (အပိုင်း-၁၀)
၂၀။ အစီအစဉ်ပြီး၏။

အတ္တသမ္မာ ပဏိဓိစ ဧတံ မင်္ဂလမုတ္တမံ = မိမိကိုယ်ကို ကောင်းစွာစောင့်ထိန်းခြင်းသည် မြတ်သောမင်္ဂလာမည်၏။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမဏ္ဍိုင်သည် ပညာရေးဖြစ်
ပညာရေးဝန်ထမ်းများ နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်တိုးတက်အောင်ဆောင်ရွက်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၆) သင်တန်းဆင်းပွဲ အခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၁၇

အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၆) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၌ ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာကျော်ကျော်ဌေးနှင့် တာဝန်ရှိသူများ၊ အခြေခံပညာ ဆရာ ဆရာမ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၄၉၈ ဦး တက်ရောက်ကြသည်။

အဓိကမဏ္ဍိုင်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က အဖွင့်အမှာစကားပြောကြားရာ၌ ဒို့တာဝန်အရေးသုံးပါးသည် နိုင်ငံသားတိုင်း လိုက်နာစောင့်ရှောက်ကာကွယ်သွားကြရမည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို အောင်မြင်အောင်စွမ်းဆောင်နိုင်ရန်အတွက် နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ နိုင်ငံတော်ကာကွယ်ရေးအင်အားဖြစ်သည့် အင်အားသုံးရပ် တောင့်တင်းခိုင်မာရန်လိုကြောင်း၊ အင်အားသုံးရပ် တောင့်တင်းခိုင်မာရန်အတွက် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမဏ္ဍိုင်သည် ပညာရေးဖြစ်ကြောင်း၊ လူသားတစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်အနေဖြင့်သော်လည်းကောင်း၊ နိုင်ငံတစ်နိုင်ငံအနေဖြင့်သော်လည်းကောင်း

စာမျက်နှာ ၅ ကော်လံ ၁ ✻

ဆရာ့ကျင့်ဝတ်နှင့် နာယကဂုဏ်တို့ကို လေးစားစောင့်ထိန်း
လောကနီတိ၊ ပြည်သူ့နီတိ အလေ့အကျင့်ကောင်းများ လေ့ကျင့်ပုံသွင်း

နေပြည်တော် စက်တင်ဘာ ၁၇

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ယနေ့နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်ပညာရေးမှူး၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံ၍ ကျောင်းအုပ်ချုပ်ရေးနှင့် သင်ကြားရေးလုပ်ငန်းများ ထိရောက်စွာ ကြိုးစားအားထုတ်ရန်၊ ချမှတ်ထားသော ပညာရေးမူဝါဒများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ကျောင်းသား ကျောင်းသူများ၏ စိတ်ဓာတ်မြင့်မားရေး ဆောင်ရွက်ရန်၊ ဆရာ့ကျင့်ဝတ်နှင့် နာယကဂုဏ်တို့ကို လေးစားစောင့်ထိန်းကြရန်နှင့် လောကနီတိ၊ ပြည်သူ့နီတိ အလေ့အကျင့်ကောင်းများအား လေ့ကျင့်ပုံသွင်းပေးရန်တို့ကို မှာကြားသည်။ **(ဓာတ်ပုံ)**

ထို့နောက် ပြင်ဦးလွင်မြို့နယ် အခြေခံပညာကျောင်းများအတွက် မြတ်ဆရာ၊ မြတ်ပညာ ဗီနိုင်းပိုစတာ အစုံ (၁၀၀)နှင့် ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်ဒါဇင် (၁၀၀)တို့ကို မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်ကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ မြို့နယ်ပညာရေးမှူး၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့်တွေ့ဆုံပြီး ပုသိမ်ကြီးမြို့နယ် အခြေခံပညာကျောင်းများအတွက် မြတ်ဆရာ၊ မြတ်ပညာ ဗီနိုင်းပိုစတာများနှင့် ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ



မြန်မာ့ရုပ်သေး ဥရောပသို့ ခြေဆန့်ပြီ။ (စာ - ၆)

နိုင်ငံတကာ အာကာသ ယာဉ်စခန်းမှ အာကာသ ယာဉ်မှူး သုံးဦး ပြန်လည်ဆင်းသက်။ (စာ - ၄)

နှစ်ပေါင်း ၆၂ နှစ်ကြာ အရောင်းရဆုံးအယ်လ်ဘမ်ရှိ အဆိုတော်ကြီး ဒေါရစ်ဒေး။ (စာ - ၁၁)

ကောင်းမြတ်သူ ➢ စုစည်းသည်

ကမ္ဘာ့အမြန်ဆုံးအပြေးသမား အူစိန်ဘော့ မီတာ ၁၀၀ အမြန်ဆုံး စံချိန်သစ်တင်



ဘရပ်ဆဲလ် စက်တင်ဘာ ၁၇

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ ဒိုင်းမွန်းလိဂ်ပြေးခုန်ပစ်အားကစားပြိုင်ပွဲ ကျင်းပလျက်ရှိရာ စက်တင်ဘာ ၁၆ရက်က မီတာ ၁၀၀ ကမ္ဘာ့စံချိန်ရှင် ဂျမေကာနိုင်ငံသား အူစိန်ဘော့သည် အမျိုးသား မီတာ ၁၀၀ ပြေးပွဲတွင် စံချိန် ၉ ဒသမ ၇၆ စက္ကန့်ဖြင့် ပန်းဝင်ဗိုလ်စွဲခဲ့သည်။

*အသက် ၂၅ နှစ်အရွယ်ရှိ အပြေးချန်ပီယံ အူစိန်ဘော့ **(ဓာတ်ပုံ)** သည် ဇွန်လက တစ်နိုင်ငံတည်းသား အဆာဖာပိုဝဲလ် တင်ထားသည့် အမြန်ဆုံးစံချိန် ၉ ဒသမ ၇၈ စက္ကန့်ကို ချိုးနိုင်ခဲ့သည်။*

အိုလံပစ်ချန်ပီယံအူစိန်ဘော့သည် ပြီးခဲ့သည့်လက တောင်ကိုရီးယားနိုင်ငံ ဒေဂူးမြို့၌ ကျင်းပသော ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲတွင် မီတာ ၂၀၀နှင့် မီတာ ၁၀၀ လက်ဆင့်ကမ်းပြိုင်ပွဲများတွင်လည်း ရွှေတံဆိပ်များ ဆွတ်ခူးနိုင်ခဲ့သည်။ သို့သော် တောင်ကိုရီးယား၌ မီတာ ၁၀၀ တွင် တာထွက်မှားခဲ့သဖြင့် ဗိုလ်စွဲနိုင်ခဲ့ခြင်းမရှိပေ။

၎င်းသည် ပြီးခဲ့သည့် ဩဂုတ်လ ၂၆ ရက်နေ့က ခရိုအေးရှားနိုင်ငံ ဇာဂရက်မြို့၌ကျင်းပသော မီတာ ၁၀၀ပြိုင်ပွဲတွင် စံချိန် ၉ ဒသမ ၈၅ စက္ကန့်ဖြင့် ပန်းဝင်ဗိုလ်စွဲခဲ့သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ■

18-9 (20).pmd 1 9/18/2011, 3:33 AM